complimentary

# GEOSPARKS NEWSLETTER

MANDALAY technology
Technologies for Development

JUNE 2018

ပညာ

## သင်ကြားရေးအထောက်အကူပြု ပစ္စည်းအဖြစ် SMART TV အလုံး ၁၀၀ လှူဒါန်းခြင်း



စာမျက်နှာ (၄)

## 亚洲农业研究中心启动会暨2017年学术研讨会
Asia Hub on WEF and Agriculture Launch Meeting & 2017 Workshop on Innovations in Water, Energy and Food Systems in Asia
2017.11.29 南京农业大学




စာမျက်နှာ (၉)


စာမျက်နှာ - ၃
ခေါင်းဆောင်အဆင့်ဆင့် ပေါ်ထွက်လာဖို့

စာမျက်နှာ - ၈
TVET ၏ အခန်းကဏ္ဍ

စာမျက်နှာ - ၁၁
အတူတိုးတက်ဖို့ ဆွဲဆောင်ကြပါစို့

စာမျက်နှာ - ၂၂
မြန်မာနှင့်ကမ္ဘာ့ပညာရေး ကွာခြားချက်အချို့


PEOPLE INNOVATION SUSTAINABILITY

People
Innovation
Sustainability

MANDALAY technology
Technologies for Development

Managing Director
U Zaw Naing

Executive Directors
Daw Su Su Wai
U Thura
U Tin Win
U Win Min Oo
Daw Lei Lei Htun

General Manager
U Min Zin

Admin & Logistics
Daw Hay Thi Moe

MANDALAY technology & development
Technologies for Development

Myanmar M.I.C.E
Meetings, Incentives, Conferences, Exhibitions

Digital INTEGRATED MARKETING

IT& Communication Solutions & Services
&
Geospatial Technology Solutions & Services
U Thura, Daw Mary Soe

Electricity and Energy
&
Engineering and Development
U Zaw Naing, U Tin Win, U Kaung Htet Shin

Science, Technology & Engineering Education Solutions
U Thura, Daw Mary Soe, Kaung Htet Shin

Myanmar M.I.C.E
Daw Lei Lei Htun, Thet Htar Zaw

Digital Integrated Marketing
Ms. Orapin Limthananurux, Moe Zaw Wynn, Daw Lei Lei Htun

*When We Love, We Grow Together.*
*Together, We Make A Difference.*









# "ခေါင်းဆောင်အဆင့်ဆင့်ပေါ်ထွက်လာဖို့"



ခေါင်းဆောင်တွေ လိုအပ်တဲ့အရည်အချင်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော်စဉ်းစား မိတာလေးတွေ ရေးထားတာနဲ့ ပတ်သက်ပြီး သူငယ်ချင်း ကိုသီဟက ဖြည့်စွက်ပြောပါတယ်။ "စိတ်ဓါတ်ရှိရုံနဲ့ မလုံလောက်ပါ။ အသိပညာ အတတ်ပညာနဲ့အတွေ့အကြုံ ရှိရန် အထူးလိုအပ်ပါသည်။ ရိုးသားမှုလိုအပ်ပါသည်။ ရိုးသားရုံနှင့်မပြီး ဖွံ့ဖြိုးတိုးတက် အောင်လုပ်နိုင်မည့် အရည်အချင်း လိုအပ်ပါသည်။"

အဲ့ဒါအပေါ် ကျွန်တော်တို့နဲ့အနီးကပ်ဆုံးထင်ရှားတဲ့ခေါင်းဆောင်နှစ်ဦး(ဗိုလ်ချုပ် အောင်ဆန်းနဲ့ဒေါ်အောင်ဆန်းစုကြည်) တို့နဲ့ ဆက်စပ်ပြီး မြင်မိ၊ တွေ့မိ၊ တွေးမိတာလေးတွေ ဆက်ပြီး ရေးပါရစေ။

ဗိုလ်ချုပ်ကရိုးသားတယ်။ အမှန်တရားကိုမြတ်နိုးတယ်။ တစ်ချိန်တည်းမှာအရမ်းလည်း တော်တယ်။ ကျွန်တော် အမေရိကန်နိုင်ငံ ကောနဲလ်တက္ကသိုလ် (Cornell University) စာကြည့်တိုက်မှာ ဗိုလ်ချုပ်ကနေ အက်တလီဆီရယ်၊ ဗြိတိသျှအစိုးရဆီရယ်ကို ရေးတဲ့ လက်ရေးမူ စာတွေ သွားထိုင်ဖတ်ဖူးတယ်။ သူ့အင်္ဂလိပ်စာ အရေးအသား အလွန်ကောင်းပါတယ်။ လှတယ်။ ရှင်းတယ်။ ပြတ်သားတယ်။ လက်ရေးက ဒီနေ့ ဆရာဝန်တွေ လက်ရေးလိုပဲ လက်ရေးဆက်နဲ့ ရေးထားတယ်။ ဒါပေမဲ့ ဆရာဝန်တွေ လက်ရေးလို သာမန်လူတွေ ဖတ်မရတာမျိုး မဟုတ်ဘဲ ကျွန်တော် ဖတ်လို့ ရတယ်။ ကျွန်တော်သူ့လက်ရေးလိုမျိုး လှအောင်၊ ရှင်းအောင် ကြိုးစား နေတယ်။ ဒါပေမဲ့ မမှီဘူး။ သူ့လို အင်္ဂလိပ်စာနဲ့စကားကောင်းအောင်ကြိုးစားနေတယ်။ မမှီသေးဘူး။ သူ့လို ပြတ်ပြတ်သားသား၊ တိတိကျကျ ရေးတတ်အောင် ကြိုးစားနေတယ်။ သူ့လို အတွေးအခေါ်၊ အမြင်တွေ နှံ့စပ်အောင် ကြိုးစားနေတယ်။ အများကြီး လိုသေးတယ်။ ဆိုလိုတာက ဗိုလ်ချုပ်ဟာ ရိုးသားပြီး အမှန်တရားကိုမြတ်နိုးတာအပြင် အသိပညာ (တက္ကသိုလ် ဘွဲ့မျှသာမဟုတ် အခြားသော စာပေမျိုးစုံ ဖတ်ရှု လေ့လာခဲ့တဲ့ အသိပညာ၊ ဉာဏ်ပညာ၊ အစရှိသည်)၊ အတတ်ပညာ (ခေါင်းဆောင်မှု အတတ်ပညာ၊ စာရေးသားခြင်း အတတ်ပညာ၊ ကိုယ်လိုချင်တာ ရအောင် တိုက်ယူနိုင်စွမ်းတဲ့ပညာ၊ အယ်ဒီတာ အတတ်ပညာ၊ ဂျပန်တွေဆီက သွားသင်ယူခဲ့တဲ့ စစ်ပညာ) စတာတွေ ၊ ဂျပန်တွေနဲ့ ဆက်ဆံခြင်း၊ နိုင်ငံတကာ ခေါင်းဆောင်တွေနဲ့ ဆက်ဆံခြင်း၊ ဗြိတိသျှတွေနဲ့ ဆက်ဆံခြင်း၊ တက္ကသိုလ် ကျောင်းသားသမဂ္ဂ အတွေ့အကြုံ၊ အယ်ဒီတာ အတွေ့အကြုံ စတဲ့ အတွေ့အကြုံတွေ မြောက်မြားစွာ ရှိပါတယ်။

ဗိုလ်ချုပ်ရဲ့ အဓိက အရည်အချင်း (၂) ခု ဖြစ်တဲ့ " ရိုးသားမှု " နဲ့ " အမှန် တရားကို မြတ်နိုးမှု " တို့အပေါ်မှာ အဲ့ဒီ အသိပညာ၊ အတတ်ပညာတွေ၊ အတွေ့အကြုံနဲ့ အရည်အချင်းတွေ ပေါင်းစပ်နိုင်လို့ ဗြိတိသျှ ခေါင်းဆောင်တွေ၊ အခြားခေတ်ပြိုင် မြန်မာ့တော်လှန်ရေးခေါင်းဆောင်တွေအပြင် အိန္ဒိယခေါင်းဆောင် ဂျဝါဟာလာလ်နေရူးတို့လို ခေတ်ပြိုင် နိုင်ငံတကာ ခေါင်းဆောင်တွေကလည်း အသိအမှတ်ပြု လေးစားကြတာပါ။

ဒေါ်အောင်ဆန်းစုကြည်လည်း ထို့နည်းတူပါပဲ။ စိတ်ဓာတ် နဲ့ မျိုးချစ်စိတ်အပြင် ပညာအရည်အချင်း၊ အတွေ့အကြုံတွေကြောင့် ဒီနေ့ ဒီနေရာမှာ ခေါင်းဆောင်နေတာလို့ ပြောရင်ရပါတယ်။ သူ့ရဲ့ Freedom From Fear (အကြောက်တရားမှ လွတ်မြောက်ခြင်း) စာအုပ် ကျွန်တော် အရမ်းကြိုက်ပါတယ်။ သူ့ရဲ့ မိန့်ခွန်းတွေ အရမ်း အရမ်း အားပါပါတယ်။ ကြိုက်ပါတယ်။ သူ့ရဲ့ နိုင်ငံတကာ အတွေ့အကြုံတွေ ကျွန်တော်တို့ လိုချင်ပါတယ်။ ယှဉ်လို့ မရတဲ့ အတွေ့အကြုံတွေပါ။

ဒါ့ကြောင့် ကျွန်တော်က အထက်က ကိုသီဟ ပြောထားတဲ့ စကား "ခေါင်းဆောင်တွေမှာ စိတ်ဓာတ်၊ အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံ၊ ရိုးသားမှု၊ အရည်အချင်းတွေ လိုအပ်တယ်" ဆိုတာကို ထောက်ခံပါတယ်။ အဲ့လို ခေါင်းဆောင်မျိုးတွေ ကျွန်တော်တို့ လိုအပ်နေပါတယ်။

အဲ့လိုခေါင်းဆောင်မျိုးတွေ ပေါ်ထွက်လာဖို့ ကျွန်တော်တို့ မန္တလေးနည်းပညာကုမ္ပဏီအနေနဲ့ တက္ကသိုလ်တွေ၊ နည်းပညာတက္ကသိုလ်တွေမှာ နည်းပညာဟောပြောပွဲတွေ၊ ပြပွဲတွေလုပ်တာ၊ TVET (နည်းပညာနဲ့ သက်မွေးပညာနှင့် လေ့ကျင့်ရေး) ဆိုင်ရာ ကွန်ဖရင့်တွေစီမံစုစည်းတာ၊ ကျင်းပတာ၊ လူငယ်တွေကို အလုပ်သင်ဝန်ထမ်းတွေ အဖြစ်လက်ခံသင်ပေးတာ၊ လုပ်ငန်းခွင်အတွင်းမှာလည်း အဆင့်ဆင့်သော ခေါင်းဆောင်တွေပြုစုမွေးထုတ်ပေးတာ၊ Asian Science Camp လိုမျိုး နိုင်ငံတကာက နိုဘယ်ဆုရ သိပ္ပံပညာရှင်တွေနဲ့ ထူးချွန်ကျောင်းသား၊ ကျောင်းသူတွေ တွေ့ဆုံစခန်းချနေထိုင်ကြတဲ့ အခွင့်အရေးမျိုးကို မြန်မာကျောင်းသား၊ ကျောင်းသူတွေအတွက် စီမံဆောင်ရွက်ပေးတာ၊ နည်းပညာသင်တန်းတွေ စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးတာ စသည်ဖြင့် မိမိတို့ တတ်စွမ်းသမျှ ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ပါတယ်။ မြန်မာပြည်ကြီး ခေါင်းဆောင်ကောင်းအဆင့်ဆင့်နဲ့အတူ အမြန်ဆုံးတိုးတက်ပါစေ။

ဇော်နိုင်

# သင်ကြားရေးအထောက်အကူပြု ပစ္စည်းအဖြစ် SMART TV အလုံး ၁၀၀ လှူဒါန်းခြင်း





မန္တလေးနည်းပညာကုမ္ပဏီ၏ ဦးဆောင်မှုဖြင့် အောက်ပါ အလှူရှင် (၁၆) ဦးတို့က အခြေခံပညာ ကျောင်းများ၌ သင်ရိုးညွှန်းတမ်း အသစ်များဖြင့် သင်ကြားရာ၌ တွဲဖက်ဘာသာရပ်များ ဖြစ်သော ပန်းချီ၊ ဂီတ၊ အက၊ အားကစား၊ စိုက်ပျိုးရေး စသည့် ဘာသာရပ်များအတွက် သင်ကြားသင်ယူမှုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်သင်ကြားရေး အထောက် အကူပြုပစ္စည်း SMART TV အလုံး ၁၀၀ ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်က အခြေခံပညာဦးစီးဌာနသို့ လှူဒါန်းခဲ့ပါသည်။ အလှူရှင်များ ကိုယ်စား၊ မန္တလေး နည်းပညာကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးဇော်နိုင် နှင့် Daniell Co., Ltd (Myanmar Branch) မှ Managing Director Mr. Mrinal Mukherjee တို့က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်း တင်ပြခဲ့ကြသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ အောင်နိုင်စိုးက အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ခဲ့ပါသည်။ ယင်းနောက် ပညာရေးဝန်ကြီးဌာန အခြေခံ ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းရီက အမှတ်တရစကား ပြောကြားခဲ့ပါသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးနှင့် တာဝန်ရှိသူများသည် Digital SMART TV များဖြင့် သင်ကြားသင်ယူမှု၊ လက်တွေ့ သရုပ်ပြမှုကို ကြည့်ရှုခဲ့ကြပါသည်။



(၁) Danieli (Myanmar) (အလုံး ၅၀)
(၂) ဦးပြည်စိုးထွန်း (လူကြီးမင်း) (၂၀ လုံး)
(၃) Mandalay Technology Co., Ltd. (၅ လုံး)
(၄) ဦးဇော်ဘိုခန့် + ဒေါ်မာလာဖြူ (Khant Shwe Pyi Co., Ltd.) (၅ လုံး)
(၅) ဦးတင်ဦး (I.E.M Company Limited) (၂ လုံး)
(၆) ဦးတင်ထူးခိုင် (Access Spectrum) (၂ လုံး)
(၇) ဦးရဲလင်း (OIAC Private School) (၂ လုံး)
(၈) ဦးရဲမြင့်ထွန်း+ဒေါ်ညိုညိုခိုင်(Shwe Chan Thar Engineering Co., Ltd.) (၂ လုံး)
(၉) ဦးစိုးမိုးဇော (IGS Co., LTd.) (၁ လုံး)
(၁၀) ဦးမောင်မောင်ကျော်သာ (SMEC Co., Ltd.) (၁ လုံး)
(၁၁) ဦးမင်းခင် (EMBA1) (၁ လုံး)
(၁၂) ဦးပိုင်စိုးရကျော် (Jade Crown Group Co., Ltd.) (၁ လုံး)
(၁၃) ဦးဇော်မင်းထွေး (EMJ GLOBAL Co., Ltd.) (၁ လုံး)
(၁၄) ဒေါ်ဝင်းလဲ့အေး (Career Core Institute Co., Ltd.) (၁ လုံး)
(၁၅) အယ်လ်ဘင်မိုးအိအိဝင်း (Alvin Co., Ltd.) (၁ လုံး)
(၁၆) ဒေါ်မေဦးခိုင် (Ocean Crown) (၁ လုံး)

# ကွန်ဖရင့်၊ အလုပ်ရုံဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများတွင် ဖတ်ကြား၊ ရှင်းလင်း၊ ဆွေးနွေးခဲ့မှုများ

မန္တလေးနည်းပညာတက္ကသိုလ်၏ မန်နေးဂျင်းဒါရိုက်တာဦးဇော်နိုင်သည် အောက်ပါ ကွန်ဖရင့်များ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် စာတမ်းဖတ်ပွဲများတွင် ပူးတွဲဖော်ပြပါစာတမ်းများ၊ အကြောင်းအရာများကို ဖတ်ကြား ရှင်းလင်း၊ ဆွေးနွေးခဲ့ပါသည်။

| | ကွန်ဖရင့်/ ဆွေးနွေးပွဲ | အကြောင်းအရာ |
|---|---|---|
| ၁ | Myanmar Oil and Gas Summit 2017 | LPG Past Present and Future |
| ၂ | LPG Conference 2017 | (1) Analysis of the Future LPG Market in Myanmar (with Mr.Surachate, SC Group, Thailand)<br>(2) Opportunities and Challenges for International Cooperation and Investment in Myanmar Downstream Market |
| ၃ | Asia Hub on WEF and Agriculture Workshop (Nanjing, China) | (1) Flood Damage Assessment and Mitigation Plan for Kalay City, Myanmar (Together with Dr. Kyaw Zeya Htun, Remoter Sensing Center, Yangon Technological University)<br>(2) Building Capacity For Water, Energy and Food (WEF) Nexus in Transitioning Myanmar |
| ၄ | SENA – NASA Synthesis Workshop (Ulaan Baatar, Mongolia) | Urbanization and Sustainability Under Global Change and Transitional Economics in Southeast, East and North Asia<br>(Peilei Fan et. al,.) |
| ၅ | Myanmar Oil and Gas and Power 2018 | Updates on Myanmar Downstream Industry and Market |
| ၆ | CSSOPE 2018 (Shanghai, China) | Opportunities in Myanmar Downstream Industry and Market |
| ၇ | LPG Conference 2018 | (1) Logistics Options for Myanmar LPG Market for Myanmar LPG Market<br>(2) Myanmar LPG Market Climate and Outlook |

**ASEAN INSTITUTE FOR GREEN ECONONY**

## အာဆီယံအစိမ်းရောင်စီးပွားရေးဗဟိုဌာန အကောင်အထည်ဖော်မှုဆိုင်ရာ ကနဦးအစည်းအဝေး (Inception and Implementation Meeting on ASEAN Institute for Green Economy – AIGE)

၂၀၁၈ခုနှစ်ဖေဖော်ဝါရီလ (၆)ရက်နေ့တွင် ASEAN Institute for Green Economy (အာဆီယံအစိမ်းရောင်စီးပွားရေးဗဟိုဌာန) အကောင်အထည်ဖော်မှုဆိုင်ရာကနဦး အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို မြန်မာပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ကျင်းပခဲ့ရာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ သဝဏ်လွှာပေးပို့ခဲ့ပါသည်။

အကျိုးအမြတ်မယူသော မြန်မာနိုင်ငံ အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (Green Economy Green Growth–GEGG) နှင့်ပူးပေါင်း၍အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၄ခုနှစ်တွင်နေပြည်တော်၌ကျင်းပခဲ့သည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် အစိမ်းရောင်စီးပွားရေးဆိုင်ရာအာဆီယံဗဟိုဌာန တည်ထောင်ရန် အာဆီယံ ခေါင်းဆောင်များ သဘောတူခဲ့ပြီး AIGE ကိုဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

ယင်းဗဟိုဌာနသည် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝသယံဇာတများကို ထိန်းသိမ်းရေးနှင့် အကျိုးရှိ ထိရောက်စွာ အသုံးချနိုင်ရေး၊ ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းနိုင်ရေး၊ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် နည်းပညာများ ပြောင်းလဲပေးနိုင်ရေး စသည့် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးမှု အခွင့်အလမ်းများရရှိရေးဆိုင်ရာ မူဝါဒများနှင့် အလေ့အကျင့်များကို တိုးမြှင့်ပေးမည့် ဌာနအဖြစ် ဆောင်ရွက်မည် ဖြစ်ပါသည်။ အာဆီယံနိုင်ငံများ၏ ဘုံရည်မှန်းချက်အဖြစ် ၂၀၂၀ ခုနှစ်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည့် သန့်ရှင်းစိမ်းလန်းသည့် အာဆီယံဖြစ်ပေါ်လာရန်လည်း ရည်မှန်းထားပါသည်။

မန္တလေးနည်းပညာတက္ကသိုလ်၏ မန်နေးဂျင်းဒါရိုက်တာ ဦးဇော်နိုင်သည် GEGG ၏ Board Member တစ်ဦးဖြစ်ပါသည်။

# " ၂၀၁၈ခုနှစ် အာရှသိပ္ပံစခန်းချနေထိုင်ခြင်းအစီအစဉ် "
## (Asian Science Camp 2018)

အာရှသိပ္ပံစခန်းချနေထိုင်ခြင်း (Asian Science Camp) အစီအစဉ်ကို ၂၀၀၇ခုနှစ်မှ စတင်ခဲ့ပြီး ထိုင်ဝမ်၊ ဘာလီ၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ အစ္စရေး၊ စင်္ကာပူ၊ ထိုင်းနိုင်ငံ နှင့် မလေးရှားနိုင်ငံတို့တွင် နှစ်စဉ်ကျင်းပခဲ့ပါသည်။ ယခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ တွင် ၂၀၁၈ခုနှစ် ဩဂုတ်လ (၃)ရက်မှ (၉)ရက်အထိ ကျင်းပမည် ဖြစ်ပါသည်။ အဆိုပါ အစီအစဉ်ကို နှစ်စဉ်ကျင်းပပြုလုပ်ရာ အာရှတိုက် နိုင်ငံအသီးသီးမှ ကျောင်းသား/ သူ (၂၀၀)ကျော် တက်ရောက်၍ နိုဗယ် ဆုရ သိပ္ပံပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခွင့်၊ သိပ္ပံပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ခွင့်များ ရကြပါသည်။ မြန်မာနိုင်ငံမှ ထူးချွန်ထက်မြက်သော ကျောင်းသား/သူများ အခွင့်အလမ်း၊ အတွေ့အကြုံသစ်များရရှိနိုင်ရေးအတွက် ရွေးချယ် စေလွှတ်နိုင်ရန် Myanmar Coordinator အဖြစ် မန္တလေးနည်းပညာ ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။









## ၂၀၁၇ခုနှစ် ပညာသင်နှစ်အတွက် ပညာရေး ထောက်ပံ့ရန်ပုံငွေဖြင့် ပညာသင်စရိတ် ထောက်ပံ့ပေးခဲ့သော ကျောင်းသား/သူများစာရင်း



မောင်ပိုင်မျိုးအောင်
ပထမနှစ်
(အနောက်ပိုင်းနည်းပညာ တက္ကသိုလ်) ရန်ကုန်



မောင်သန်းဇော်
နဝမတန်း
အ.ထ.က (၄) အင်းစိန်



မလရိပ်ပိုင်း
သတ္တမတန်း
( ရန်ကင်း TTC )



မသွန်းပုံရိပ်
ဒုတိယတန်း
( ရန်ကင်း TTC )

## တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအတွက် အလုပ်သင်ဝန်ထမ်း အခွင့်အရေးပေးအပ်ခြင်း

မြန်မာနိုင်ငံရှိ တက္ကသိုလ်အသီးသီးမှ အောက်ပါကျောင်းသား၊ ကျောင်းသူများသည် မန္တလေးနည်းပညာကုမ္ပဏီတွင် အလုပ်သင် ဝန်ထမ်းများအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်၍ လေ့လာ၊ သင်ယူ၊ လုပ်ကိုင်၊ ဆောင်ရွက်ခဲ့ကြပါသည်။

| | | |
|---|---|---|
| ၁။ | ခီဟွာဟဲ | ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား) |
| ၂။ | နိုင်မျိုးသော် | ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား) |
| ၃။ | ဘုန်းမြတ်စိုး | နည်းပညာတက္ကသိုလ် (မှော်ဘီ) |
| ၄။ | သဲအိထွန်း | နည်းပညာတက္ကသိုလ် (ရန်ကုန်) |
| ၅။ | နင်းအဥ္ဇလီ | နည်းပညာတက္ကသိုလ် (ရန်ကုန်) |

အလုပ်သင် ဝန်ထမ်းလျှောက်ထားလိုသူများ အနေဖြင့် haythi@ mandalay-technology.com သို့ email ဖြင့် ဆက်သွယ် လျှောက်ထားနိုင်ကြပါသည်။

## တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် ကျောင်းများအတွက် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ

### Our STEES Partners and Solutions

- Electrical Engineering
- Electronics Engineering
- Autotronics Engineering
- Mechatronics Engineering
- Mechanical Engineering
- Aeronautical Engineering
- Marine Technology
- Measuring and Testing Equipment

NeuLog
DEGEM® SYSTEMS
SES Scientific Educational Systems
TERCO
Scientech
Rexroth Bosch Group
PT DITO MANDIRI GENERAL TRADING - SUPPLIER
PIGNAT
ELABO TrainingsSysteme Aus- und Weiterbildung GmbH
intelitek

- Communication Engineering
- Chemical Engineering
- Renewable Energy
- Agricultural and Environmental Technologies
- Automation and Control Engineering
- Information Technology
- Science
  - Physics
  - Chemistry
  - Biology









# နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး(TVET) ၏ အခန်းကဏ္ဍ



မြန်မာနိုင်ငံတွင် နှစ်စဉ် ကျောင်း စတက်သည့် ကလေး ပျမ်းမျှ ၁.၁ သန်းခန့် ရှိပြီး နောက် (၁၁) နှစ် အကြာတွင် ဆယ်တန်း အောင်မြင်သူ တစ်သိန်း တစ်သောင်းသာ ကျန်ခဲ့ပါသည်။ (၉၀%) မှု အခြေခံပညာ အထက်တန်းမအောင်မြင်ကြပါ။ ကျောင်းထွက်ပြီး အလုပ်လုပ်ကြသည့် ကလေးများ၊ လူငယ်များကို ကျွမ်းကျင်မှု အတတ်ပညာတစ်ခုခု သင်ပေးသည့် သင်တန်းကျောင်းများ အများအပြား တည်ဆောက်ပေးရန်လိုအပ်ပါသည်။ ကျောင်းထွက်အလုပ်လုပ်နေကြပြီ ဖြစ်သည့်အတွက် ကျောင်းလည်း မတက်ချင်ကြတော့ပါ။ ကျောင်းတက်ရန် အချိန်မရသည်လည်း ဖြစ်နိုင်ပါသည်။ သူတို့သည် ကျောင်းပညာရေး သာမက အတတ်ပညာလည်း မတတ်မြောက်ခဲ့ကြပါ။ သူတို့ကို အသုံးကျမည့် အတတ်ပညာများ သင်ပေးနိုင်ရပါမည်။ အတတ်ပညာသင်ပေးသည့် သင်တန်းကျောင်းမှဆင်းလျှင် ဝင်ငွေပိုရရှိသည့် အလုပ်များရမည်ဆိုလျှင် အချိန်လု၍ လာတက်ကြပါလိမ့်မည်။ တက်ချင်သည့် အရင်းခံ အကြောင်းအရင်း (Motivation) ရှိရပါမည်။ တိုင်းပြည်ရဲ့ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုပြီး သူတို့တွေအတွက်လည်း ဝင်ငွေပိုရစေမည့် ကဏ္ဍများအတွက် သင်တန်းများ ဖွင့်ပေးရပါမည်။ လုပ်ငန်းခွင်များမှာလည်း ကျွမ်းကျင် လုပ်သားများ အမှန်တကယ်လိုအပ်နေသည့် Demand-Driven အလုပ်မျိုး တွေလည်း ဖြစ်ရပါမည်။ မည်သည့်လုပ်ငန်းများတွင် ကျွမ်းကျင်ဝန်ထမ်းများ အလျှင်အမြန်၊ အများအပြား လိုအပ်နေပါသနည်း။ ဥပမာ - ဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် ပန်းရံဆရာများ၊ လက်သမားများ၊ သံချိသံကွေးများ လောက်ငပါသလား? ရေနံ၊ သဘာဝ ဓာတ်ငွေ့နဲ့ စက်ရုံကြီးများတွင် Welding ဂဟေဆက်သမားများ လောက်ငပါသလား? ခရီးသွား Tour လုပ်ငန်းများတွင် တိုးဂိုက် Tour Guide ခရီးသွားလမ်းညွှန်တွေ လိုအပ်နေပါသေးသလား? စားသောက်ဆိုင်များတွင် အဆင့်မှီ စားဖိုမှူးများ၊ စားပွဲထိုးများ လိုအပ်နေပါသေးသလား? မကြာမီ အနာဂတ်တွင် ဝင်ရောက်လာမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် အတူတည်ထောင်လာမည့် စက်ရုံများအတွက် CNC/Automation/Robotics တို့ကို ကိုင်တွယ်ထိန်းသိမ်းမည့် ကျွမ်းကျင်ပညာရှင်များ အဆင်သင့်ရှိပါပြီလား? စသည်ဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်း ပေးသော သင်တန်းများ ဖြစ်သင့်ပါသည်။

အစိုးရကနေ ထောက်ပံ့ကြေး ပေးတာမျိုးတွေလည်း လုပ်ပေးရပါမည်။ ကျောင်းတွေကိုရော၊ တက်မည့် သူတွေကိုရော။ တခြားနိုင်ငံများတွင် National Skills Development Fund ကဲ့သို့ နိုင်ငံလုံးဆိုင်ရာ ကျွမ်းကျင်မှုမြှင့်တင်ရန် ရံပုံငွေ ထူထောင်ပြီး ယင်းသင်တန်း ကျောင်းများကို ဖွင့်သည့် ပုဂ္ဂလိက လုပ်ငန်းရှင်များကိုလည်း အားပေးကြပါသည်။ ယင်းကျောင်းများတွင် ကျောင်းတက်ဖို့ ကျောင်းသားများကိုလည်း စတိုင်ပင်ပညာသင် ထောက်ပံ့ကြေးပေးပါသည်။ မြန်မာနိုင်ငံတွင်လည်း ယင်းသို့လုပ်ဆောင်မည်ဆိုပါလျှင် တစ်နှစ် အမေရိကန် ဒေါ်လာသန်း (၅၀) လောက် သုံးမည်ဆိုပါက၊ လူတစ်ယောက်အတွက် ဒေါ်လာ (၅၀၀) ဖိုး (မြန်မာငွေ ၆သိန်း ခန့်) လောက် ထောက်ပံ့ပေးလျှင် တစ်နှစ် ကျွမ်းကျင်လုပ်သား (၁) သိန်းလောက် မွေးထုတ်နိုင်မှာဖြစ်ပါသည်။ သန်း(၅၀)၊ သန်း (၁၀၀) စီမံကိန်းများ လုပ်ဆောင်နေသည်မှာ အများကြီး ရှိပါသည်။ လူငယ် (၁) သိန်းလောက် ကျွမ်းကျင်မှု အတတ်ပညာများ သင်ပေးရန် တစ်နှစ် သန်း (၅၀) ခန့် သုံးမည်ဆိုပါက အဓိပ္ပါယ် ရှိလှပါသည်။ ရင်းနှီးမြှုတ်နှံမှုတွေထဲမှာ လူသားများထံတွင် ရင်းနှီး မြှုပ်နှံခြင်း (Investment in Human Capital)သည် အလွန်အရေးကြီးပြီး အခြေခံကျပါသည်။ မကြာသေးမီအချိန်ကပင် ပညာရေးဝန်ကြီးဌာနအောက်တွင် (Alternative Education Department) ဆိုပြီး ဖွင့်လှစ်ပြီး ပုံမှန်ပညာရေးအပြင် ချဲ့ထွင်ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းထွက်သွားသည့်ကလေးများ၊ လူလတ်ပိုင်းများအတွက် Non- Formal Education (ကျောင်းပြင်ပ ပညာရေး) များ လုပ်ဆောင်ရန်ဖြစ်ပါသည်။ အချိန်တော့ အတန်အသင့်ယူရပါဦးမည်။ လူအင်အား၊ ငွေအင်အား စုရပါဦးမည်။ မည်သည့်နေရာများမှ စတင်မည်။ မည်သည့်နေရာများတွင် အားထည့်စိုက်မည်ဆိုသည့် စီမံကိန်းများလည်း ချရဦးမည်ဖြစ်ပါသည်။ National Skills Development Fund များ ထူထောင်ပေးမည် ဆိုလျှင်တော့ ကလေးများ၊ လူငယ်များ ပိုမိုအားရှိလာပါလိမ့်မည်။

နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး (TVET) အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အားထည့်ကြရပါမည်။

ဇော်နိုင်

# ရေ၊ စွမ်းအင်၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးဆိုင်ရာအာရှဆုံမှတ်ဌာန

## Asia Hub on WEF and Agriculture

MICHIGAN STATE UNIVERSITY — 南京農業大學 NANJING AGRICULTURAL UNIVERSITY

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်မှ (၃၀) ရက်နေ့အထိတရုတ်နိုင်ငံ၊ နန်ကျင်းစိုက်ပျိုးရေးတက္ကသိုလ်၌ကျင်းပခဲ့သော ရေ၊ စွမ်းအင်၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးဆိုင်ရာ အာရှဆုံမှတ်ဌာန (Asia Hub on WEF (Water-Energy-Food ) and Agriculture) စတင် တည်ထောင်ခြင်း အထိမ်းအမှတ်အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ မန္တလေးနည်းပညာကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ ဦးဇော်နိုင်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှပါမောက္ခ ဒေါက်တာနန်းအုန်းမြင့်တို့နှစ်ဦးတက်ရောက်ခဲ့ကြပါသည်။

အဆိုပါဌာနဖွဲ့စည်းတည်ထောင်ရန်အတွက် ၂၀၁၆ခုနှစ်မှစတင်ဆွေးနွေးခဲ့ကြပြီး တရုတ်နိုင်ငံသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နန်ကျင်းစိုက်ပျိုးရေးတက္ကသိုလ် (Nanjing Agricultural University) နှင့် အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တက္ကသိုလ် (Michigan State University) မှ ကနဦးထည့်ဝင်ငွေများဖြင့် ထူထောင်ရန်သဘောတူခဲ့ကြပြီး အာရှတိုက်နိုင်ငံများမှ တက္ကသိုလ်များ၊ သုတေသနဌာနများ၊ ပုဂ္ဂလိကကဏ္ဍမှ ပညာရှင်များကိုဖိတ်ခေါ်ခဲ့ပြီး ထူထောင်ခဲ့ကြခြင်းဖြစ်ပါသည်။ မန္တလေးနည်းပညာကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ ဦးဇော်နိုင်သည် အဆိုပါဌာန၏ နိုင်ငံတကာအကြံပေးဘုတ်အဖွဲ့ဝင် (International Advisory Board Member) တစ်ဦးဖြစ်ပါသည်။




## Danieli Innovation Meeting 2017

DANIELI

၂၀၁၇ ခုနှစ် အောက်တိုဘာလ (၃) ရက်နေ့တွင် အီတလီနိုင်ငံ Danieli ရုံးချုပ်၌ ကျင်းပသော Danieli Innovation Meeting 2017 တွင် Danieli ကုမ္ပဏီ၏ ဥက္ကဌနှင့် အမှုဆောင် အရာရှိချုပ်ဖြစ်သူ မစ္စတာဂျီယန်ပီထရို ဗီနီဒစ်တီ (Mr. Gianpietro Benedetti)၊ ကုမ္ပဏီ၏ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနမှ အကြီးတန်းပညာရှင်များနှင့် မန္တ လေးနည်းပညာကုမ္ပဏီ မန်နေးဂျင်း ဒါရိုက်တာဦးဇော်နိုင်တို့ အမှတ်တရ။

**Danieli is an Italian supplier of equipment and physical plants to the metal industry.**



# ရတနာပုံတက္ကသိုလ် (၁၈) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ပွဲတော်



ရတနာပုံတက္ကသိုလ် (၁၈)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ ပညာရေးအထောက်အကူပြု နည်းပညာပြပွဲနှင့် ဘာသာရပ်အသီးသီး၏ ဈေးရောင်းပွဲတော်ကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် နံနက် ၈နာရီတွင် ရတနာပုံတက္ကသိုလ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်၊ ဦးဝင်းမောင်(ပါမောက္ခချုပ်-ငြိမ်း)၊ ဦးအောင်မောင်း (ပါမောက္ခ-ငြိမ်း)၊ (မန္တလေးမြို့တော် မြို့တော်ဝန်-ငြိမ်း)နှင့် မန္တလေး နည်းပညာကုမ္ပဏီမှ အမှုဆောင်ဒါရိုက်တာ ဦးသူရတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ဒေါက်တာစည်သူ၊ ဒေါက်တာဦးသော်ကောင်းဆု၊ ပခုက္ကူဦးအုန်းဖေ သုတေသနဆု၊ နိုင်ငံဂုဏ်ဆောင် အားကစားဆုရရှိသူများ၊ ရတနာပုံတက္ကသိုလ် (၁၈) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် သုတေသန စာတမ်းဖတ်ပွဲတွင် စာတမ်းဖတ်ကြားခဲ့ကြသည့် စာတမ်းရှင် (၆၃)ဦးနှင့် YDB Research Journal Vol.8 စာတမ်းရှင် (၄၇)ဦး၊ စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများ၊ မြန်မာစာ စွမ်းရည်ပြိုင်ပွဲများ၊ အင်္ဂလိပ်စာဘာသာ စကားစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ အမှတ်(၂)တက္ကသိုလ် လေ့ကျင့်ရေး တပ်မိုးရာသီစခန်း ချကာလတွင် အကောင်းဆုံး စံပြကျောင်းသားဆု၊ သေနတ်ပစ်အကောင်းဆုံး ဆုရရှိသူခဲ့သူများ၊ နေပြည်တော် MICC II တွင် ကျင်းပ ပြုလုပ်ခဲ့သည့် Science and Technology ပြပွဲ ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယ ပါမောက္ခချုပ်များ၊ အငြိမ်းစား ဆရာကြီးများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

"ရတနာပုံတက္ကသိုလ်ရဲ့ (၁၈)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်ပွဲမှာ အဆင့်မြင့်ပညာရေးမှာ သုတေသနရဲ့ အရေးပါတဲ့ အခန်း ကဏ္ဍကို ကျောင်းသား၊ ကျောင်းသူ လူငယ်တွေ နားလည်သိရှိစေဖို့၊ အသိပညာဗဟုသုတတွေရရှိစေဖို့၊ စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အကျင့်ကောင်းများနဲ့ ခေါင်းဆောင်နိုင်မှု စွမ်းရည်များရရှိစေဖို့ ယခုလို ပညာရေးအထောက်အကူပြု နည်းပညာပြပွဲ၊ ဘာသာရပ်ပေါင်းစုံ သုတေသနစာတမ်းဖတ်ပွဲ၊ ဈေးရောင်းပွဲတော်တို့ကိုပါ ထည့်သွင်းကျင်းပရခြင်း ဖြစ်ပါတယ်။ အဆင့်မြင့်ပညာ တက္ကသိုလ်များမှာ သင်ကြားမှု၊ သင်ယူမှုနဲ့အတူ ပညာရေးအထောက်အကူပြု သုတေသနနှင့် ပညာရပ် ဖွံ့ဖြိုးမှု လုပ်ငန်းများဟာ အဓိကနေရာက ပါဝင်လျက်ရှိတာကြောင့် ဆရာ၊ ဆရာမများကိုလည်း ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြင့်မားရေး၊ သင်ကြားရေးနဲ့ သုတေသနလုပ်ငန်း စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် တက္ကသိုလ်အဆင့်၊ ဒေသအဆင့်၊ ဦးစီးအဆင့်၊ နိုင်ငံတကာအဆင့်တွေမှာ သုတေသနစာတမ်းများ ဖတ်ကြားစေခြင်း၊ စာတမ်းများ ပါဝင်ရေးသား စေခြင်းတို့ကို တိုက်တွန်းအားပေး ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်က ပြောကြားပါသည်။

> အဆင့်မြင့်ပညာရေးမှာ သုတေသနရဲ့ အရေးပါတဲ့အခန်း ကဏ္ဍကို ကျောင်းသား၊ ကျောင်းသူ လူငယ်တွေ နားလည်သိရှိစေဖို့၊ အသိပညာ ဗဟုသုတတွေရရှိစေဖို့၊ စုပေါင်းလုပ်ဆောင် တတ်သည့် အလေ့အကျင့်ကောင်းများနဲ့ ခေါင်း ဆောင်နိုင်မှု စွမ်းရည်များရရှိစေဖို့ ယခုလိုပညာ ရေး အထောက်အကူပြုနည်းပညာပြပွဲ၊ဘာသာ ရပ်ပေါင်းစုံသုတေသနစာတမ်းဖတ်ပွဲ၊ ဈေးရောင်း ပွဲတော်တို့ကိုပါ ထည့်သွင်း ကျင်းပရခြင်း ဖြစ်ပါတယ်။

ရတနာပုံတက္ကသိုလ်တွင် ဝိဇ္ဇာအထူးပြု ဘာသာရပ် (၁၃)ခု၊ သိပ္ပံအထူးပြုဘာသာရပ် (၁၁)ခု သင်ကြား ပို့ချလျက်ရှိပြီး အထက်မြန်မာပြည် ဒေသအသီးသီးမှ ကျောင်းသား ကျောင်းသူ နှစ်သောင်းကျော် တက်ရောက်ပညာသင်ကြားလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ကျောင်းသား၊ ကျောင်းသူအများဆုံး တက်ရောက်လျက်ရှိသော တက္ကသိုလ် ဖြစ်ပါသည်။

အဆိုပါ အထိမ်းအမှတ်ပွဲတော်ဖြစ်မြောက်အောင်မြင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ကြသော မန္တလေးနည်းပညာကုမ္ပဏီနှင့် Myanmar M.I.C.E အဖွဲ့သားများအနေဖြင့်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဖော်ပြအပ်ပါသည်။

အခြားတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များတွင်လည်း အလားတူ ပညာရေးအထောက်အကူပြုနည်းပညာပြပွဲများ၊ ဟောပြောပွဲများ၊ ကို လိုက်ပါကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်းလည်း ထပ်လောင်းဖော်ပြအပ်ပါသည်။



# အတူတိုးတက်ဖို့ ဆွဲဆောင်ကြပါစို့။

ဇော်နိုင်

ထိုင်းနိုင်ငံအစိုးရမှ သူတို့တိုင်းပြည်၏ စက်မှုကဏ္ဍတွင် Smart Industries ဟုခေါ်သော အဆင့်မြင့် နည်းပညာနှင့် စီးပွားရေးအရ အကျိုးအရှိဆုံး ကဏ္ဍများတွင် လိုအပ်နေသော ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ရန် (၄) နှစ်သက်တမ်းရှိသည့် Smart Visa ပေးဖို့ ခွင့်ပြုခဲ့ပါသည်။ (ယခု လက်ရှိတွင် ရက် ၉၀ သာ ပေးနေခြင်းဖြစ်ပါသည်။) စင်္ကာပူနှင့် ကိုရီးယားတွင်လည်း လုပ်ဆောင်ခဲ့ဖူးပါသည်။ တိုင်းပြည်တွေ၏ စီးပွားရေးကို တွန်းတင်မည့်စက်မှုကဏ္ဍ၊ နည်းပညာ ကဏ္ဍမှ ပညာရှင်များကို ဆွဲဆောင်ခဲ့ကြပါသည်။ တရုတ်ပြည်တွင်တော့ ပုံစံတစ်မျိုးဖြင့် လုပ်ဆောင်ခဲ့ပါသည်။ နိုင်ငံရပ်ခြားရောက် တရုတ်ပညာရှင်များကို ပြန်လည်ဖိတ်ခေါ်ခဲ့ပါသည်။ ဒေါ်လာသန်းနဲ့ချီသော ထောက်ပံ့ငွေ (Grant) များ၊ ချေးငွေ (loan) များ ပေးခဲ့ပြီး ပရောဂျက်များ လုပ်ဆောင်စေခြင်း၊ နယ်ပယ် အသီးသီးတွင် ဦးဆောင်စေခြင်းများပြုလုပ်ခဲ့ပါသည်။

မြန်မာပြည်တွင် မည်သည့်ကဏ္ဍများတွင် မည်သည့်ပညာရှင်များ လိုအပ်နေပါသနည်း။ မည်သည့်ဗီဇာ (Visa) မျိုးပေးသင့်ပါ သနည်း။ မြန်မာပြည်တွင် နိုင်ငံခြားသား ပညာရှင်များ လာရောက်လုပ်ကိုင်သည့်အခါ ငါတို့လောက်မှ မတတ်ဘဲနဲ့ ၊ ငါတို့လောက်မှ မြန်မာပြည်အကြောင်း ၊ မြန်မာ့ဈေးကွက်အကြောင်း စသဖြင့် မသိဘဲနဲ့ ငါတို့ထက် လခတွေ အများကြီး ပိုယူပြီး ငါတို့ အပေါ်ကနေ လာခိုင်းနေတယ်ဟု မြန်မာပညာရှင်များ၊ မြန်မာအရာရှိများ ပြောနေကြသည်ကိုလည်း မကြာခဏ ကြားခဲ့ဖူးပါသည်။ သို့သော် ကျွန်တော်တို့ မြန်မာများ မသိသေး၊ မတတ်သေးသည့် ကဏ္ဍများ အများကြီး ရှိနေသေးသည်ကိုလည်း လက်ခံကြရမည်ဖြစ်ပါသည်။

ထို့အပြင် ကျွန်တော်တို့ အတွေ့အကြုံ မရှိသေးသည့် ကိစ္စများတွင်လည်း အတွေ့အကြုံရှိသည့် နိုင်ငံခြားသားများ၊ နိုင်ငံခြားရောက် မြန်မာများကို ဦးဆောင်ခိုင်းရပါမည်။ သူတို့ မသိသေးသည့် မြန်မာပြည်အကြောင်း ၊ မြန်မာ့ဈေးကွက်အကြောင်းများ၊ မြန်မာများ၏ အတွေးအခေါ်၊ ယဉ်ကျေးမှုအကြောင်းများတို့ကိုလည်း ပြန်သင်ပေးပြီး တွဲလုပ်ကြရပါမည်။ လေ့လာသင်ယူခြင်း ၊ အတူတွဲလုပ်ခြင်းများဖြင့်အတူ တိုးတက်ကြရပါမည်။ Learning together, doing together and growing together စိတ်ဓာတ်မွေး၍ အတူလက်တွဲလုပ်သင့်ပါသည်။

အထူးဆွဲဆောင်သင့်သည့် သူများမှာ နိုင်ငံခြားရောက် မြန်မာများပင်ဖြစ်ပါသည်။ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ အပြင် ရင်းနှီးမြှုပ်နှံမည့်သူများ၊ ကဏ္ဍအသီးသီးမှ ကျွမ်းကျင်သည့် ကျွမ်းကျင်အလုပ်သမားများ၊ ဝန်ထမ်းများကို မြန်မာပြည်သို့ ပြန်လာရန် ဆွဲဆောင်ကြရပါမည်။ နိုင်ငံခြားသား ပညာရှင်များကို ဆွဲဆောင်ခြင်းထက် နိုင်ငံခြားရောက် မြန်မာအတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံမည့်သူများကို ဆွဲဆောင်ခြင်းသည် ပို၍ လွယ်ကူနိုင်ပါသည်။ (အမေ့အိမ်ကို ပြန်လာချင်သူများမှာ (၅) သန်းကျော် ရှိနေပါသည်။)

အချို့သော မြန်မာများသည် အကြောင်း အမျိုးမျိုးကြောင့် နိုင်ငံခြား တိုင်းပြည်များတွင် နိုင်ငံသားများ ဖြစ်နေကြပါသည်။ သို့သော်သူတို့တွင်လည်း မြန်မာပြည်ကို ချစ်သောစိတ်၊ တိုင်းပြည်ကို တိုးတက်စေချင်စိတ်များ အပြည့်ရှိနေကြပါသည်။ သူတို့တွေကို စိစစ်ပြီး Dual Citizenship (နှစ်နိုင်ငံသားဖြစ်ခွင့်) ပေးသင့်ပါသည်။

အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီး ပေးနိုင်ရန် ရင်းနှီး မြှုတ်နှံမှုများ ဖွင့်ပေးရန်၊ ဆွဲဆောင်ရန် လိုအပ်ပါသည်။ တခြားနိုင်ငံများသို့ စီးဝင်နေသည့် ရင်းနှီး မြှုပ်နှံမှုများကို မိမိနိုင်ငံဆီဆွဲဆောင်နိုင်ရန် ရက်ရောလှသည့် မက်လုံးများ ပေးရန်လိုအပ်ပါသည်။ Responsible Investment များ (တာဝန်သိသည့် ရင်းနှီး မြှုပ်နှံမှုများ) ဖြစ်စေရန် စည်းကမ်းများလည်း နည်းလမ်းများ သတ်မှတ်ထားရပါမည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မည်သည့်ကဏ္ဍများတွင် အားစိုက်ဆောင်ရွက်သင့်သည်ကို မဟာဗျူဟာကျကျ၊ နည်းဗျူဟာကျကျတွက်ဆပြီး အကျိုးအရှိဆုံး ကဏ္ဍများအတွက် ရင်းနှီးမြှုတ်နှံသူများ၊ ပညာရှင်များကို သူတို့လိုချင်သည့် အကျိုးအမြတ်များပေး၍ ဆွဲဆောင်ကြရပါမည်။

အတူတိုးတက်ဖို့ဆွဲဆောင်ကြပါစို့။

## OUR VALUES

**People** : A commitment to capacity building and development of people

**Innovation** : A commitment to fulfillment of customers requirements with innovative solutions and services

**Sustainability** : A commitment to eco-friendly and sustainable development

## "ဗဟိုဆရာအတတ်သင်သိပ္ပံနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေး သင်တန်းကျောင်း အကောင်အထည်ဖော်ရေး"





စက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုသင်တန်းကျောင်း (Industrial Training Centers (ITCs)) များ၏ ဆရာ၊ ဆရာမများကို သင်ကြားမှုဆိုင်ရာ ဆရာဖြစ် သင်တန်း (Teachers Training) ပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း (Human Resource Development Center) တစ်ခု တည်ထောင်နိုင်ရန်အတွက် အစ္စရေးနိုင်ငံ အစိုးရ၏ အကူအညီဖြင့် ဖြစ်နိုင်ခြေလေ့လာမှု (Feasibility Study) တစ်ခုကို အစ္စရေးနိုင်ငံအခြေစိုက် SITT ကုမ္ပဏီနှင့် မန္တလေးနည်းပညာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အစီရင်ခံစာကို ၂၀၁၈ခုနှစ် မတ်လအတွင်း၌ ပြီးစီးတင်ပြခဲ့ပါသည်။

စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ အစ္စရေးနိုင်ငံသို့ သွားရောက်၍ အစ္စရေးနိုင်ငံ၏ နည်းပညာသင်ကြားရေးကဏ္ဍကို လက်တွေ့လေ့လာရန်လည်း စီစဉ်လျက်ရှိပါသည်။

# ENGINEERING & DEVELOPMENT

YAMASHITA SEKKEI INC.
ARCHITECTS, ENGINEERS & CONSULTANTS

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ သင်တန်းကျောင်း ဆောက်လုပ်ရေးစီမံကိန်း

မြန်မာနှင့် ဂျပန်နိုင်ငံအစိုးရများ၏ သဘောတူညီချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ လက်အောက်တွင် သင်တန်းကျောင်း တစ်ကျောင်းကို နေပြည်တော်တွင် တည်ဆောက်ရန်အတွက် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ ( Japan International Cooperation Agency JICA) မှ လေ့လာ ဆန်းစစ်လျက် ရှိရာ ဂျပန်နိုင်ငံမှ ပညာရှင်များနှင့်အတူ မန္တလေးနည်းပညာကုမ္ပဏီမှ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ နှင့် ဒီဇင်ဘာလအတွင်း ယင်းစီမံကိန်းအတွက် ဖြစ်နိုင်ခြေ လေ့လာမှု နှင့် ကြိုတင်ပြင်ဆင်ခြင်း၊ ခြုံငုံလေ့လာခြင်းတို့ကို ဂျပန်နိုင်ငံ YAMASHITA SEKKEI INC မှ ပညာရှင်များနှင့်အတူ မန္တလေးနည်းပညာ ကုမ္ပဏီ၏ အကြံပေးအဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

INDOCHINE ENGINEERING

## Landmark စီမံကိန်းအတွက် Design Review Work


ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းနှင့် ဆူးလေဘုရားလမ်းထောင့် (ယခင်မီးရထားဝန်ကြီးဌာနရုံးချုပ်နေရာ) တွင် တည်ဆောက်လျက်ရှိသော ရန်ကုန်မြို့၏စီးပွားရေး အချက်အခြာနေရာတစ်ခု ဖြစ်လာမည့်ဟိုတယ်၊ လူနေအိမ်၊ ဈေးဝယ်စင်တာ ဆေးရုံနှင့် ရုံးခန်းများပါဝင်သည့် Landmark စီမံကိန်းတွင်အသုံးပြုမည့်မူလ M&E (စက်မှုနှင့်လျှပ်စစ်ဆိုင်ရာ) စနစ်ဒီဇိုင်းများအား မန္တလေးနည်းပညာကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီ ဖြစ်သော Indochine Engineering ( Vietnam ) တို့ပူးပေါင်း၍ ဒီဇိုင်းများ ပြန်လည်သုံးသပ် ဆန်းစစ်၍ လိုအပ်သလို ပြုပြင်မှု ( Design Review ) များ ဆောင်ရွက်ခဲ့ရာ စီမံကိန်း၏ မူလလျာထား ကုန်ကျစရိတ်အောက် လျော့နည်းအောင် ပြင်ဆင်ရေးဆွဲပေးနိုင်ခဲ့ပါသည်။

# တက္ကသိုလ်များတွင် GIS Lab များ တည်ထောင်


ရတနာပုံတက္ကသိုလ်တွင် ပါမောက္ခဌာနမှူးနှင့်သင်တန်းသူ သင်တန်းသားဆရာ၊ ဆရာမများအမှတ်တရ

၂၀၁၇ - ၁၈ ဘဏ္ဍာနှစ်အတွင်း အောက်ပါတက္ကသိုလ်များ၌ GIS Lab (ပထဝီဝင် သတင်းအချက်အလက်စံနစ် လက်တွေ့ခန်း) များ စတင်တည်ထောင်ခဲ့ကြပြီး မန္တလေးနည်းပညာကုမ္ပဏီမှ လိုအပ်သော ကွန်ပျူတာစံနစ်များ၊ GIS ဆော့ဖ်ဝဲလ်၊ Remote Sensing ဆော့ဖ်ဝဲလ်များ၊ ဆက်စပ်ပစ္စည်းများ တင်သွင်းတပ်ဆင်ပေးခဲ့ပြီး တက္ကသိုလ်များမှ ဆရာ၊ ဆရာမများအတွက် GIS နည်းပညာ အသုံးချ သင်တန်း ( Trainings on Trainers) များ ပို့ချပေးခဲ့ပါသည်။

(၁)တောင်ငူတက္ကသိုလ်
(၂)ရတနာပုံတက္ကသိုလ်
(၃)မော်လမြိုင်တက္ကသိုလ်
(၄)ပုသိမ်တက္ကသိုလ်
(၅)မကွေးတက္ကသိုလ်
(၆)မန္တလေးတက္ကသိုလ်



## GIS နှင့် Remote Sensing သင်တန်းများ

GIS နှင့် Remote Sensing နည်းပညာနယ်ပယ်တွင် ဦးဆောင် ကုမ္ပဏီတစ်ခုဖြစ်သော မန္တလေးနည်းပညာကုမ္ပဏီသည် အစိုးရဝန်ကြီးဌာနများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီ များ၏ GIS စနစ်ထူထောင်မှုများ၊ စီမံကိန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နည်းပညာ ပြန့်ပွားရေး အတွက်လည်း အောက်ပါသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပါသည်။

- GIS and Remote Sensing
- Introduction to GIS and Google Earth
- Google Earth for Environmental Management
- GIS and Remote Sensing Applications for Disaster Risk Reduction & Management
- Basic Digital Surveying

ပုံမှန်ဖွင့်လှစ်သော သင်တန်းများသာမက အလုပ်ခွင်၊ သက်ဆိုင်ရာဌာနအသီးသီးသို့လည်း လာရောက် သင်ကြားပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်
ဖောသီမိုး
01-652282~86
09-422 522 625

## Drone Aerial Survey/ Mapping Services ဒရုန်းအသုံးပြု၍ ကောင်းကင်ဓာတ်ပုံရိုက်ကူး၊ မြေပုံထုတ်လုပ်ခြင်းလုပ်ငန်းများ







ရန်ကုန်မြို့တွင် ပြုလုပ်မည့် စီမံကိန်းတစ်ခုအတွက် ဒရုန်း (Drone) ဖြင့် ရိုက်ကူးထားသောပုံနှင့် သုံးဘက်မြင် ရုပ်လုံးကြွမြေပုံ (DTM)

# နယ်စပ်ကုန်သွယ်ရေးအတွက် ICT နည်းပညာအသုံးချရန်




## တရုတ်မြန်မာ နယ်စပ်အကောက်ခွန် လုပ်ငန်းဆိုင်ရာ အလုပ်သဘောဆွေးနွေးပွဲ (ရွှေလီမြို့၊ ယူနန်ပြည်နယ်)

မြန်မာနိုင်ငံ၏ကုန်သွယ်ရေးကဏ္ဍတွင် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်ရေးဂိတ်များမှ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်နေမှုသည် စုစုပေါင်း ကုန်သွယ်မှု၏ ၂၅ % မှ ၃၀ % ခန့် အတွင်းရှိသဖြင့် အရေးကြီးအရေးပါ လှပါသည်။

နယ်စပ် ကုန်သွယ်ရေး ဂိတ်များဖြစ်ကြသော မူဆယ် - ရွှေလီ၊ မြဝတီ - မဲဆောက်၊ ကန်ပိုက်တီ - လွယ်ဂျယ်၊ တာချီလိတ် - မယ်ဆိုင်စသော ဂိတ်အသီးသီးမှ ကုန်စည်များ စီးဆင်းလျက်ရှိရာတွင် နိုင်ငံတော်မှ အကောက်ခွန်ကောက်ခံခြင်း မှန်ကန်စွာ ကောက်ခံ နိုင်ဖို့လိုပါသည်။ တရားမဝင်ကုန်စည်များကိုတားဆီး၊ ထိန်းသိမ်းရန်လိုပါသည်။ တရားဝင်ကုန်စည် စီးဆင်းမှုလွယ်ကူ၊ မြန်ဆန်၊ချောမွေ့ရန်လိုပါသည်။ ထို့နည်းတူ ကုန်သည်များ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများစသည့် စီးပွားရေး လုပ်ငန်းများ အနေဖြင့်လည်း လုပ်ငန်းများကို စိတ်ချမ်းသာစွာ ဆောင်ရွက် လုပ်ကိုင်နိုင်ကြရန် အရေးကြီးပါသည်။

ထိုသို့အစိုးရ လုပ်ငန်းရှင် ၊ ကုန်သည်၊ ပြည်သူအားလုံးတို့ ပါဝင်ပတ်သက်နေပြီး တိုင်းပြည်၏ ကုန်သွယ်မှု အများစုဆောင်ရွက်နေသည့် နယ်စပ်ကုန်သွယ်ရေး ကဏ္ဍတွင်တိုးတက်လာသော IT (သတင်းအချက်အလက် နည်းပညာ)၊ ဆက်သွယ်ရေးနည်းပညာများကို အသုံးပြု၍ ကုန်သွယ်မှု ချောမွေ့စေရန်၊ တရားမဝင် ကုန်သွယ်မှုများ တားဆီးရန်၊ တရားဝင်ကုန်စည်စီးဆင်းမှုများတွင် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အကောက်များ ကောက်ခံနိုင်ရန်၊ စီးပွားရေးလုပ်ငန်းများ အနေဖြင့်လည်း ကုန်သွယ်မှုလုပ်ငန်းများ ဆောက်ရွက်ကြရာတွင် အတားအဆီး၊ အခက်အခဲများ နည်းနိုင်သမျှနည်းပါးစေရန် ရည်ရွယ်၍ မူဆယ် -ရွှေလီနယ်စပ်ကုန်သွယ်ရေးတွင် စမ်းသပ်စီမံကိန်းတစ်ခုစတင်နိုင်ရန် အတွက် တရုတ်နိုင်ငံ ရွှေလီမြို့တွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပါတီခေါင်းဆောင်များ၊ ပုဂ္ဂလိက ကဏ္ဍတို့နှင့် မြန်မာနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ ၂၀၁၈ခုနှစ်၊ မေလ (၆) ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် နောက်ဆုံးပေါ်နည်းပညာများဖြစ်ကြသော မိုဘိုင်းဆော့ဖ်ဝဲလ် နည်းပညာ (Mobile Application)၊ Cloud Computing ၊ Big Data ၊ FinTech ၊ Artificial Intelligence ၊ Location-based Tracking စသော နည်းပညာအသီးသီးကို ပေါင်းစပ်အသုံးချပြီး နိုင်ငံအတွက် အစိုးရဌာနအသီးသီးအတွက်၊ လုပ်ငန်းရှင်များအတွက်၊ ပြည်သူများအတွက် အကျိုးရှိနိုင်စေရေး ဆွေးနွေးခဲ့ကြပါသည်။

## လေယာဉ်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာအင်ဂျင်နီယာလိုင်စင်စာမေးပွဲစနစ် (License and Exam Software)

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ Aircraft Engineer Licensing Department အတွက် လေယာဉ်ပြုပြင်ထိန်းသိမ်းသည့် အင်ဂျင်နီယာ (Aircraft Maintenance Engineer)များ လိုင်စင် ရရှိရန်ဖြေရသော စာမေးပွဲများအတွက် အသုံးပြုနိုင်မည့် (License & Exam Software) စနစ်တစ်ခုကို မွန္တလေးနည်းပညာကုမ္ပဏီမှ ရေးသားပေးခဲ့ပါသည်။ စာမေးပွဲ မေးခွန်းများအား မေးခွန်းဘဏ် (Question Bank)တွင် သိမ်းဆည်းထားနိုင်ခြင်း၊ စာမေးပွဲမေးခွန်းများ လုံခြုံစနစ်ကျခြင်း၊ အလိုအလျောက် မေးခွန်းထုတ်နိုင်ခြင်းကြောင့် မေးခွန်းထုတ်ခြင်းများ မြန်ဆန်စေခြင်း၊ အဖြေလွှာ စစ်ဆေးခြင်းများ တိကျမှန်ကန်မှုရှိခြင်းနှင့် ရလဒ်အားလျင်မြန်စွာထုတ်ပေးနိုင်ခြင်း၊ ခုနှစ်အလိုက် (သို့မဟုတ်) ဘာသာရပ်အပိုင်း (module) အလိုက် ဖြေဆိုသူများစာရင်း၊ အောင်မြင်သူများစာရင်း၊ ကျရှုံးသူများစာရင်း အစရှိသည့် မှတ်တမ်းများကို ထိန်းသိမ်းထား ရှိနိုင်ခြင်းနှင့် Report ထုတ်ခြင်းများကို တိကျမြန်ဆန်စွာ ဆောင်ရွက် နိုင်သည့် စနစ်တစ်ခု ဖြစ်ပါသည်။

# Leader In Geospatial Industry

**Geospatial Solutions and Services**


- GIS Solutions and Services
- Remote Sensing Applications
- Surveying/ Mapping
- Geotechnical Investigation
- Hydrological and Marine Survey
- Drone Survey and Mapping

**Our Geospatial Technology Partners**

ESRI · forest inform · CDR · IDS INGEGNERIA DEI SISTEMI · UNESCO-IHE Institute for Water Education

- Aerial Photography
- Satellite Image processing
- Drone Survey and Mapping
- Field Survey
- Hydrographic Survey
- GeoTechnical Survey





- River GIS
- Transportation GIS
- Health GIS
- Schools GIS
- Irrigation GIS
- Flood Risk Mapping
- Archaeological GIS
- Rice Yield Forecasting
- Forestry GIS
- Earthquake Mapping

We work with multi-stakeholders to bring about the positive changes using the geospatial technologies.





Web-GIS Seminar and Workshop.



GIS Seminar and Workshop. At Yangon University




## ဒေသတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာညီလာခံ

## (Regional TVET Conference 2017)

နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍများကို အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်စေရန်နှင့် အပြန်အလှန်သဘောတူညီမှုများ ပိုမိုရရှိစေရန် ရည်ရွယ် ကျင်းပသည့် ဒေသတွင်း နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ ညီလာခံ ၂၀၁၇ (Regional TVET Conference 2017) ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်နှင့် ၁၄ ရက်နေ့တို့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းဗဟိုဌာန(၂)၌ ကျင်းပခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာန၊ ဂျာမနီနိုင်ငံ ဖွံ့ဖြိုးရေး အေဂျင်စီ (GIZ)နှင့် ၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့်အတူ မန္တလေးနည်းပညာကုမ္ပဏီမှ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီးနောက် အာရှဖွံ့ဖြိုးရေးဘဏ်မှ Ms. Ayako Inagaki နှင့် ဂျာမနီနိုင်ငံဖွံ့ဖြိုးရေး အေဂျင်စီ GIZ မှ Ms. Gisela Hammershmidt တို့က အမှာစကားပြောကြားခဲ့ကြပြီး ညီလာခံတွင် အာဆီယံဒေသတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများ၊ ဒေသတွင်းအသိပညာ နီးနှောဖလှယ်နိုင်မှုများ၊ လုပ်သားဈေးကွက် လိုအပ်မှုနှင့် ကျွမ်းကျင်မှုများ၊ စီးပွားရေးတိုးတက်စေမည့် နည်းပညာအသစ်ဖန်တီးရာတွင် လိုအပ်သည့် အဆင့်မြင့်နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍကို ဖော်ဆောင်ရန် ပုဂ္ဂလိကနှင့် ပူးပေါင်း ဆောင်ရွက်ရာတွင် အစိုးရမှချမှတ်ရမည့် မူဝါဒ၊ နည်းဥပဒေများနှင့် စီမံအုပ်ချုပ်မှုများ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ သင်တန်းသားများ မွေးထုတ်ခြင်း၊ သတ်မှတ်ချက်များ အဆင့်မီတိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် စစ်ဆေးအကဲဖြတ်မှုများ တိုးတက်ရန် ဆောင်ရွက်ခြင်း၊ တိုးတက်လာသည့် စက်မှုနှင့် အီလက်ထရောနစ်နည်းပညာများကို အသုံးပြုလာသည့် စက်မှုကုန်ထုတ်လုပ်ငန်းများတွင် လိုအပ်လာမည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန်ကိစ္စများ၊ သက်မွေးပညာကျောင်းများနှင့် ကုမ္ပဏီများပူးပေါင်း ဆောင်ရွက်မှုများ၊ ဆရာ၊ ဆရာမများ ကျွမ်းကျင်မှုတည်ဆောက်ရေး လိုအပ်ချက်များ စသည်တို့ကို ဆွေးနွေးခဲ့ကြပါသည်။






# Myanmar M.I.C.E

## (Meetings, Incentives, Conferences, Exhibition Orgainzer)

Myanmar M.I.C.E
Meetings, Incentives, Conferences, Exhibitions

လွန်ခဲ့တဲ့ (၃) နှစ်တုန်းက မကွေး တက္ကသိုလ်မှာ ပညာရေး အထောက်အကူပြု နည်းပညာ ဟောပြောပွဲနဲ့ ပြပွဲဆိုပြီး စလုပ်ဖြစ်တယ်။ ကိုလေးနိုင်၊ ကောင်းဇံ၊ မသူဇာသွင်၊ ကိုဝင်းထိန်ဝင်း တို့ နဲ့ ပညာရေးအတွက် ဟောပြောပွဲတွေ လုပ်ခဲ့ကြတယ်။

မကွေးဆိုတာ ဧရာဝတီမြစ်ကြီးရဲ့ တစ်ဖက်ခြမ်းက မြို့ကြီး တစ်မြို့။ အေးချမ်းတယ်။ သာယာတယ်။ အဲ့ဒီ မကွေး တက္ကသိုလ်မှာလာတက်နေကြတဲ့ လူငယ်တွေအတွက် မျက်စိပွင့်အောင်ရယ်၊ နည်းပညာတွေ ကို ပညာရေးအတွက် အသုံးချနိုင်အောင်ရယ်၊ မြန်မာနိုင်ငံမှာ ပျောက်ဆုံးနေခဲ့တဲ့ Campus Life တက္ကသိုလ်ကျောင်းသားဘဝ ပြန်ရဖို့ တက္ကသိုလ်ထဲမှာ လှုပ်ရှားမှုလေးတွေ - Activity လေးတွေ ဖြစ်စေဖို့ အတွက်ရယ် ရည်ရွယ်ပြီး ကမကထပြုလုပ် ကျင်းပခဲ့တာပါ။ မှတ်မိသလောက် သိန်း (၁၀၀) ကျော်လောက် စိုက်ထုတ် လုပ်ပေးခဲ့တယ်။ နောက်နှစ်တွေမှာလည်း ဆက်လုပ်ပေးပါဦးလို့ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာအေးကျော် ကပြောတော့ လုပ်ပေးပါ့မယ် ဆရာကြီးလို့ ကတိပေးခဲ့တယ်။ မကွေး တက္ကသိုလ်တင်မကဘဲ နိုင်ငံအနှံ့က တက္ကသိုလ်တွေမှာ လုပ်ပေးချင်စိတ်တွေ ဖြစ်လာတယ်။ ဒါပေမဲ့ ပွဲတစ်ခါလုပ်တိုင်း သိန်း(၁၀၀) လောက် ကုန်တာကို ကာမိအောင် သူငယ်ချင်း မိတ်ဆွေတွေဆီက Sponsor တွေ လှည့်တောင်းကြည့်မယ်၊ ပြပွဲလေးလည်း ထည့်မယ်ဆိုပြီး လူကြီးမင်း ကိုပြည်စိုးထွန်း၊ Canon က ကိုဒဲနစ်၊ Gusto ကိုဝင်းထိန်ဝင်း၊ 7Days ကိုခရူ၊ Samsung က ကိုဇာနည်ဝင်းထက် ၊ Telenor စသဖြင့် လိုက်စုစည်းပြီး Sponsor တွေတောင်းလို့ ပညာရေးအတွက် နည်းပညာပြပွဲတွေ၊ ဟောပြောပွဲတွေ လုပ်လာလိုက်တာ အခုဆိုရင် လုပ်ဖြစ်ခဲ့တဲ့ တက္ကသိုလ်တွေ တဖြည်းဖြည်း များလာပါပြီ။




မန္တလေးက ရတနာပုံ တက္ကသိုလ် ၊ တောင်ငူ တက္ကသိုလ် ၊ နောက်ပြီး ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ သန်လျင်နည်းပညာတက္ကသိုလ်တွေမှာ ပညာရေး အထောက်အကူပြု နည်းပညာပြပွဲ ဟောပြောပွဲတွေ ဆက်လုပ်ဖြစ်တယ်။ နောက်တော့ ပညာရေးဝန်ကြီးဌာနက မေတ္တာရပ်ခံ တာဝန်ပေးလို့ အသက်မွေး ဝမ်းကျောင်း နည်းပညာ နှင့် လေ့ကျင့်ရေးလို့ခေါ်တဲ့ TVET (Technical Vocational Education and Training) Forum/ Conference ပွဲတွေမှာ ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေ ကို ဖိတ်ပြီး Exhibition ပြပွဲတွေ လုပ်ဖြစ်ပြန်တယ်။ (၂) နှစ်ရှိပြီ။ (၂) နှစ်စလုံး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာပြီး အဖွင့်အမှာစကားပြောတယ်။ ပြခန်းတွေလှည့်ကြည့်ပြီး အားပေးတယ်။ အသက်မွေးဝမ်းကျောင်းပညာရပ် ထွန်းကားဖို့ တွန်းအားတစ်ရပ် ဖြစ်စေခဲ့တယ်။ အဲ့လိုပညာရေး အထောက်အကူပြု နည်းပညာဟောပြောပွဲတွေ၊ ပြပွဲတွေလုပ်နေရင်းကပဲ တစ်ဖက်မှာ Mandalay ကုမ္ပဏီ ပါဝင်ဆောင်ရွက်နေတဲ့ ရေနဲ့ဆိုင်တဲ့ ပွဲတွေ ( National Water Forum/ Water Conference ပွဲတွေ၊ Greater Mekong Water Land Eco-system Forum ပွဲတွေ) သင်တန်းတွေ၊ အလုပ်ရုံ ဆွေးနွေးပွဲတွေ၊ Fellowship Programs တွေ၊ NASA က Land Cover Land Use ဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲလိုမျိုးတွေ၊ သိပ္ပံပညာရပ်ဆိုင်ရာ အစည်းအဝေးပွဲတွေ၊ GIS နဲ့ ဆိုင်တဲ့ပွဲတွေလည်း လုပ်ဖြစ်မိပြန်တယ်။

ဒါနဲ့ ပွဲစီစဉ်သူ ဖြစ်မှန်းမသိ ဖြစ်လာရော။ ရုံးမှာ အဲဒီကိစ္စတွေကို အဓိက တာဝန်ယူပြီး လုပ်နေကြတဲ့သူတွေကိုခေါ်ပြီး Myanmar M.I.C.E (Meetings, Incentives, Conferences, Exhibition) ဆိုပြီး လုပ်ကြမလား မေးကြည့်တော့ လုပ်ကြမယ် ဆိုတာနဲ့ Myanmar M.I.C.E ကုမ္ပဏီ ဆိုပြီး ဖွဲ့လိုက်ကြတယ်။ ကုမ္ပဏီဆိုပြီး ဖြစ်လာတော့ အဲ့ဒီ အလုပ်တွေ ပိုလုပ်ဖြစ်ပြန်ရော။ ရုံးက အခြားဌာနမှ လူတွေအားလုံးလည်း မပါမနေ ပါကြရတာပါပဲ။

ဒါပေမဲ့ ၂၀၁၇ ကုန်ခါနီးမှာ Myanmar M.I.C.E အတွက် Strategy ကို စဉ်းစားကြည့်မိတယ်။ Myanmar M.I.C.E ဘာလဲ၊ ဘယ်လဲပေါ့။

(၁) Myanmar M.I.C.E ဖြစ်တည်လာတာက ပညာရေး မှာ တစ်ဖက်တစ်လမ်း ကူဖို့ ရည်ရွယ်ပြီး ဖြစ်လာတာ၊ ပညာရေးအပြင် လုပ်ဖြစ်နေတာတွေကလည်း Capacity Building နဲ့ ဆိုင်တာတွေ များတယ်။

(၂) Sponsor ကုမ္ပဏီတွေရဲ့ ထည့်ဝင်ငွေတွေ၊ ပြခန်းခရတာတွေ နဲ့ မလောက်ရင် Mandalay Technology က ဖြည့်စိုက်တယ်။

(၃) Sponsor ကုမ္ပဏီတွေရဲ့ ထည့်ဝင်ငွေတွေ၊ ပြခန်းခရတာတွေက ကုန်ကျစရိတ်တွေထက် ပိုလို့ ပိုလျှံငွေ ထွက်လာခဲ့ရင် ကျောင်းတွေကို လှူတာ၊ CSR ရံပုံငွေထဲ ထည့်ပြီး CSR လုပ်ငန်းတွေ လုပ်တာ၊ ပါဝင်ဆောင်ရွက်ကြတဲ့ ရုံးက ဝန်ထမ်းတွေနဲ့ အလုပ်သင် ဝန်ထမ်းတွေကို ပင်ပန်းကြေး ဆုကြေးငွေတွေ ချီးမြှင့်တာတွေလုပ်တယ်။

အဲ့လို စဉ်းစားကြည့်တော့ Myanmar M.I.C.E ဟာ လူမှုရေးတာဝန်တစ်ခုကို ပျော်ပျော်ရွှင်ရွှင် ထမ်းရွက်နေတဲ့ Social Enterprise လူမှုဝန်ထမ်း လုပ်ငန်းတစ်ခုအဖြစ် မြင်လာတယ်။ မရှုံးဖို့ ၊ အကျိုးအမြတ်ရဖို့ ဦးတည်ပြီး လုပ်တယ်။ ဒါပေမဲ့ ရတဲ့ အကျိုးအမြတ်တွေကိုလည်း လူမှုရေးလုပ်ငန်း ဦးတည်ချက်တွေအတွက် ပြန်သုံးတယ်။ အဲ့ဒီတော့ Myanmar M.I.C.E က Social Enterprise တစ်ခုပေါ့။ Myanmar M.I.C.E က လက်ရှိလည်း အလုပ်တွေ ဆက်တိုက်လုပ်နေရသလို နောက်နှစ်အတွက်လည်း အလုပ်တွေ လက်ခံထားရပြီး မနေမနား လုပ်နေကြရတယ်။ ကြားပေါက်အလုပ်တွေလည်း လာနေတယ်။



ကဲ တိုင်းပြည်အကျိုး၊ အများအကျိုးတို့အတွက် လူမှုရေးစိတ်ဓာတ်တွေနဲ့လုပ်လိုက်ကြဦးစို့ Myanmar M.I.C.E အဖွဲ့သားတို့။ Myanmar M.I.C.E ကိုအလုပ်တွေ ခိုင်းဖို့လည်း အားမနာကြပါနဲ့လို့ မိတ်ဆွေ၊ သူငယ်ချင်း အပေါင်းတို့ရေ။ ကျွန်တော်တို့ စုစည်းဆောင်ရွက်တဲ့ပွဲတွေမှာ Sponsor ပေးတဲ့၊ ပြပွဲတွေ ဝင်ပြတဲ့ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ၊ ကုမ္ပဏီတွေအားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ပြောပါရစေ၊ နောက်လည်း ဆက်ပြီး ပါဝင်ကြပါဦးလို့လည်း မေတ္တာရပ်ခံအပ်ပါတယ်။ ဟောပြောပွဲတွေ ဝင်ပြောပေးတဲ့ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ၊ (ကိုငွေထွန်း၊ ကိုကောင်းဇံ၊ ကိုလေးနိုင်၊ မသူဇာသွင်၊ ကိုဝင်းထိန်ဝင်း) ဆရာကြီး၊ ဆရာမကြီးများ၊ ခင်မောင်ညို (ဘောဂဗေဒ)၊ ကျော်ကျော်လှိုင် (Smart) တို့ အားလုံးကိုလည်း ကျေးဇူးလည်းတင်ပါတယ်။ နောင်လည်း ဆက်ပြီးပါဝင် ဟောပြောပေးကြပါဦးလို့လည်း မေတ္တာရပ်ခံအပ်ပါတယ်။

အားလုံးအတူ အများအကျိုး ဆက်သယ်ပိုးသွားပါမယ်လို့ ဒီနေရာကနေပြောလိုက်ရပါတယ်။

Myanmar M.I.C.E is a Social Enterprise.



ဆက်သွယ်ရန်
ဒေါ်လဲ့လဲ့ထွန်း (leilei@myanmarmice.com)
သက်ထားဇော် (thethtar@myanmarmice.com)
စောပလာဝါး (sawplarwah@myanmarmice.com)

# " မြန်မာ့စွမ်းအင် ပေါင်းစပ်ဖွဲ့စည်းမှု (Myanmar Energy Mix) အလုပ်ရုံဆွေးနွေးပွဲ "

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ပူးပေါင်းပါဝင်မှုဖြင့် မြန်မာနိုင်ငံရေနံနှင့် သဘာဝဓာတ်ငွေ့ ဝန်ဆောင်မှုလုပ်ငန်းများအသင်း (Myanmar Oil & Gas Services Society - MOGSS) မှ စီစဉ်၍ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ (၂၃)ရက်နေ့ တွင် နေပြည်တော် Horizon ဟိုတယ်၌ မြန်မာ့စွမ်းအင်ပေါင်းစပ်ဖွဲ့စည်းမှု (Myanmar Energy Mix) အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။ လျှပ်စစ်နှင့်စွမ်းအင်ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်အဖွင့်အမှာ စကားပြောကြားခဲ့ပြီး LNG to Power အကြောင်းကို ဗွီဒီယိုဖြင့် ပြသခဲ့ပါသည်။ လျှပ်စစ်စွမ်းအင်ကဏ္ဍ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်း တင်ပြခဲ့ပါသည်။

ထို့နောက် မန္တလေးနည်းပညာကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးဇော်နိုင်မှ Facilitator အနေဖြင့် ဆောင်ရွက်ပြီး တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌဦးကြည်မိုးနိုင်နှင့် အဖွဲ့ဝင်များ၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ အစိုးရဌာန အသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ တိုင်းနှင့်ပြည်နယ်များမှ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ဝန်ကြီးများ၊ ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ၊ Renewable Energy ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။




မြန်မာနိုင်ငံ လျှပ်စစ်ကဏ္ဍ လက်ရှိ ရင်ဆိုင်နေရသော စိန်ခေါ်မှုများအနက်မှ အရေးအကြီးဆုံး စိန်ခေါ်ချက်များ၊ အထက်ပါ စိန်ခေါ်ချက်များကို ဖြေရှင်းရန် နည်းလမ်းများ၊ မြန်မာနိုင်ငံအတွက် သင့်တော်မည်ဟုယူဆသော Myamar Energy Mix ( ရေတို / ကာလတို ၊ ရေလတ်/ ကာလလတ်၊ ရေရှည်/ ကာလရှည် မြန်မာ့စွမ်းအင်ပေါင်းစပ်ဖွဲ့စည်းမှု ပုံစံများ) နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံရေနံနှင့် သဘာဝဓါတ်ငွေ့ ဝန်ဆောင်မှုလုပ်ငန်းများအသင်း (Myanmar Oil and Gas Services Society - MOGSS) ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်၊ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင် ဦးဆောင်သော အဖွဲ့ဝင်များနှင့် ပါဝင်တက်ရောက်လာကြသူများမှ တတ်ကြွစွာပါဝင်ဆွေးနွေးခဲ့ကြပါသည်။

TERCO



မန္တလေးနည်းပညာကုမ္ပဏီမှ အောက်ပါတို့ကို ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ဆက်သွယ်မေးမြန်းစုံစမ်းရန် - ကောင်းထက်ရှင်း ( kaunghtetshinn@mandalay-technology.com )

Ergon International, Inc.






ကမ္ဘာတစ်ဝှမ်းရှိ Transformer ထုတ်လုပ်သူများကို နှစ်ပေါင်း(၃၀) ကျော် ဖြန့်ဖြူးရောင်းချ ပေးခဲ့သော ကမ္ဘာ့အကောင်းဆုံး Ergon ထရန်စဖော်မာသုံးဆီ (Transformer Oil)

မြန်မာနိုင်ငံတွင် Asia General Transformer - AGT နှင့် Yangon Transformer & Electrical - YTE တို့တွင် အသုံးပြုလျက်ရှိပါသည်။

KANON LOADING EQUIPMENT



LPG, ဓာတ်ဆီ, ဒီဇယ်ဆီ, သဘာဝဓာတ်ငွေ့ စသည်တို့ကို သင်္ဘောများပေါ်မှ ဆိပ်ကမ်းပေါ်ရှိ သိုလှောင်ကန်များသို့ ၊ သိုလှောင်ကန်များမှ ကားများပေါ်သို့ အတင်အချ ပြုလုပ်ရာတွင် အသုံးပြုလျှက်ရှိသော Kanon အမှတ်တံဆိပ် Loading/ unloading လက်တံများ

နယ်သာလန်မှ ထုတ်လုပ်ပြီး မန္တလေးနည်းပညာ ကုမ္ပဏီမှ ဖြန့်ချိလျက်ရှိပါသည်။

BRASTEN



စက်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ ရေနံဓာတု လုပ်ငန်းများ၊ ရေနံတူးဖော်ရေး လုပ်ငန်းများ နှင့်ရေကြောင်းလုပ်ငန်းသုံး အပူနှင့် ဖိအားတိုင်းတာရေး အဆို့ရှင် (Valves) များ

အမေရိကန်နိုင်ငံမှ နည်းပညာနှင့် ဒီဇိုင်းဖြစ်ပါသည်။

## Offshore Energy 17 Conference and Exhibition

နယ်သာလန်နိုင်ငံ၊ အမ်စတာဒန်မြို့




"မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝန်ဆောင်မှုလုပ်ငန်းများအသင်း (Myanmar Oil and Gas Services Society-MOGSS) အဖွဲ့သားများ အမှတ်တရ"



"မြန်မာနိုင်ငံတွင် စွမ်းအင်ကဏ္ဍအခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း"

# HÖRMANN

## Garage and Industrial Doors



ဆက်သွယ်ရန် - ကောင်းထက်ရှင်း 09-974759453
(kaunghtetshinn@mandalaytechnology.com)



# Industry 4.0 – Innovations and Trends from Industry for Educational Institutes

ဂျာမနီနိုင်ငံမှ ထုတ်လုပ်သော
အင်ဂျင်နီယာ ဘာသာရပ်သင်ကြားရေး
အထောက်ကူပြုပစ္စည်းများ



The Drive & Control Company

**Rexroth**
Bosch Group

i 4.0 CONNECTED INDUSTRY

DRIVE & CONTROL ACADEMY





ELABOTrainingsSysteme



- RENEWABLE ENERGIES
- ELECTRIC MOBILITY
- AUTOMATION
- ROBOTICS / MECHATRONICS
- SAFETY OF MACHINES
- GEAR DRIVE TECHNOLOGY
- DRIVE TECHNOLOGY
- CONTROL ENGINEERING
- BUILDING COMMUNICATION / KNX
- INSTALLATION TECHNOLOGY
- LIGHTING ENGINEERING
- ALARM MANAGEMENT SYSTEMS

# မြန်မာနှင့်ကမ္ဘာ့ ပညာရေးကွာခြားချက် အချို့

မြန်မာနိုင်ငံ၏ ပညာရေးစံနစ်ကို အားမရကြသူများ ရှိကြပြီး ပြောင်းလဲရေး ပြောနေကြပါသည်။ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးသည် အခြေခံကျကြောင်း ခေါင်းဆောင်များမှအစ ကျွန်တော်တို့ အများစု နားလည်သဘောပေါက်ကြပါသည်။

ကျွန်တော် မြန်မာ၊ စင်္ကာပူ၊ အမေရိကနှင့် ထိုင်းနိုင်ငံတို့တွင် ပညာသင်ယူလေ့လာခဲ့ပြီး အခြားသောနိုင်ငံများတွင်လည်း သင်တန်းများတက်ရောက်ခဲ့သည့်အလျောက် မြန်မာနှင့် ကမ္ဘာ့ ပညာရေးကွာခြားချက်အချို့ကို မျှဝေလိုပါသည်။

**"ဆရာအခြေပြုသင်ကြားမှု" နှင့် "ကျောင်းသားအခြေပြုသင်ယူလေ့လာမှု"**

မြန်မာနိုင်ငံတွင် ယနေ့အချိန်အထိ မူလတန်းမှ တက္ကသိုလ် အထိ "ဆရာအခြေပြုသင်ကြားမှု" ပုံစံဘောင်အတွင်းမှ သင်ကြားပို့ချနေကြသေးသည်ကို လေ့လာတွေ့ရှိရပါသည်။ ပညာရေး ပြုပြင်ပြောင်းလဲမှုများအတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ကြသည့်အခါတိုင်း အဆိုပါ "ဆရာ အခြေပြုသင်ကြားမှု" မှ "ကျောင်းသား အခြေပြု သင်ယူလေ့လာမှု" သို့ ပြောင်းလဲရန် ဆွေးနွေးခဲ့ကြသော်လည်း တကယ် လက်တွေ့စာသင်ခန်းများထဲတွင် အဆိုပါ ဘောင်အတွင်းမှ (နဂိုသင်ကြားမှု ပုံစံ အဟောင်းအတွင်းမှ) မထွက်နိုင်ကြသေးပါ။ အပြစ်မဟုတ်ပါ။ ပြုပြင်ပြောင်းလဲမှုတိုင်းသည် အချိန်ယူပါသည်။ အထူးသဖြင့် မိမိတို့လူမျိုး၏ ယဉ်ကျေးမှု (Culture) ဓလေ့ထုံးစံ (Norms) တန်ဖိုးထားမှု (Values) များအပေါ် အခြေခံထားသည့် စံနစ် (System) များ ဖြစ်သည့်အလျောက် ပို၍ သိမ်မွေ့ပြီး ပို၍ အချိန်ယူပါမည်။

**မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်တန်ဖိုးများ**

မြန်မာနိုင်ငံ လူဦးရေ၏ အများစုသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး မိဘနှင့် ဆရာတို့သည် အနန္တ ဂိုဏ်းဝင် ကျေးဇူးရှင်များဟု သတ်မှတ်ထားသည့် အခြေခံ ဓလေ့ထုံးစံရှိပြီး အဆိုပါ မိဘများနှင့် ဆရာ/ ဆရာမများသည် မိမိတို့၏ သားသမီးများ၊ တပည့်များအနေဖြင့် မိဘစကား၊ ဆရာ/ ဆရာမစကား နားထောင်ကြရမည် ဟူသော အခြေခံ နားလည်မှုတစ်ခုကို မသိစိတ်နှင့် သိစိတ်များ အတွင်း၌ နက်ရှိုင်းစွာ ရှိနေပါသည်။

အဆိုပါအခြေခံနားလည်မှုသည် လုံးဝမှားသည်ဟု ပြော၍ မရပါ။ သားသမီးများ၊ တပည့်များအနေဖြင့်လည်း ဆရာ/ ဆရာမများ၏ စကားကို နားထောင်၍ မှန်ကန်သည်ကိုလက်ခံကြရပါမည်။ မိဘများအနေဖြင့်၊ ဆရာ/ဆရာမများအနေဖြင့် မိမိတို့၏ သားသမီး များကို ဆုံးမ၊ သွန်သင်၊ လမ်းညွှန်ခွင့် အပြည့်အဝရှိပါသည်။ တစ်ချိန်တည်းတွင် မိမိတို့၏ သားသမီး များ၊ တပည့်များကို စဉ်းစားတွေးခေါ်ခွင့်၊ လွတ်လပ်စွာ လေ့လာသင်ယူခွင့်၊ အတန်အသင့်မှားယွင်းခွင့်နှင့် အဆိုပါအမှားများမှ သင်ယူခွင့်၊ မိမိတို့ထက်ပိုကောင်းအောင်ဖန်တီးနိုင်ခွင့် နှင့် ထူးချွန်စွာ တွေးတော၊ ပြောဆို၊ လုပ်ကိုင်မှုများအတွက် ဂုဏ်ပြု ချီးမွမ်းခံခွင့်များ ပေးကြရပါမည်။

**အမေရိကန်နိုင်ငံ အပါအဝင် အနောက်နိုင်ငံများ၊ ယခုအခါ အရှေ့တိုင်း နိုင်ငံများတွင်ပါ "ကျောင်းသားအခြေပြု သင်ယူလေ့လာမှု" ၏ အကျိုးကျေးဇူးများကို သိနားလည်ကြပြီး ကလေးငယ်အရွယ်မှစ၍ တက္ကသိုလ်ဘွဲ့ကြို၊ ဘွဲ့လွန်တန်းများအထိ "ကျောင်းသား အခြေပြု သင်ယူလေ့လာမှုစံနစ်"ကို အသုံးချသင်ကြားနေကြ**

ကျွန်တော် (နှင့် ကျွန်တော့်မိသားစု) သွားရောက် ပညာဆည်းပူးခဲ့သော အမေရိကန်နိုင်ငံ အပါအဝင် အနောက်နိုင်ငံများ၊ ယခုအခါ အရှေ့တိုင်းနိုင်ငံများတွင်ပါ "ကျောင်းသားအခြေပြု သင်ယူလေ့လာမှု" ၏ အကျိုးကျေးဇူးများကို သိနားလည်ကြပြီး ကလေးငယ်အရွယ်မှစ၍ တက္ကသိုလ်ဘွဲ့ကြို၊ ဘွဲ့လွန်တန်းများအထိ "ကျောင်းသား အခြေပြုသင်ယူလေ့လာမှုစံနစ်" ကို အသုံးချ သင်ကြားနေကြကြောင်း တွေ့ရှိရပါသည်။

**အမေရိကမှ အပြန်**

ကျွန်တော်တို့မိသားစု အမေရိကမှပြန်လာပြီး ကျွန်တော်တို့၏ သားငယ်ကို အစိုးရအထက်တန်းကျောင်းတွင် ပြန်တက်ခိုင်းသည့်အခါ အဆိုပါ စံနစ်နှစ်ခု၏ ကွာခြားချက်ကို တွေ့ကြုံခဲ့ကြရပါသည်။

ကျွန်တော်တို့သား ကျက်စာဘာသာရပ်များ စာမေးပွဲကျပါသည်။ ဆရာမက ဖခင်ဖြစ်သူ ကျွန်တော့်ကို ခေါ်ဆူပါသည်။ ကလေးကို စာကျက်ခိုင်းရန် အတန်တန်မှာပါသည်။

အမေရိကန်နိုင်ငံတွင် ကျွန်တော်တို့မိသားစု သုံးယောက်လုံး ကျောင်းတက်ခဲ့ကြပါသည်။ ကျွန်တော်နှင့် ကျွန်တော့်အမျိုးသမီးက ဘွဲ့လွန်တက်ကြသလို သားက အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းတက်ပါသည်။ သူ့ကျောင်းသို့ ကျွန်တော်နှင့် ကျွန်တော့်ဇနီး မကြာခဏ ရောက်ကြပါသည်။ ဆရာ/ ဆရာမများနှင့် တွေ့၍ သား၏ အခြေအနေ ဆွေးနွေးကြ၊ သိရှိကြပါသည်။ တိုးတက်မှု အစီရင်ခံစာလည်း တစ်ပတ်တစ်ခါရပါသည်။ ကျောင်းမှ စီစဉ်သည့် အားကစားသင်တန်းများ၊ ဂီတသင်တန်းများသို့ လိုက်ပို့ကြသလို အားကစားပွဲများ၊ ကျောင်းသားကျောင်းသူများ ဖျော်ဖြေသည့် ဂီတပဒေသာပွဲများသို့လည်း တက်ကြပြီး သားဖြစ်သူ ဘက်စကက်ဘော ကစားနေသည်ကိုလည်းကောင်း၊ ဂီတပဒေသာပွဲတွင် တယောထိုးနေသည်ကိုလည်းကောင်း ကြည့်၍ ကြည်နူးခဲ့ကြရပါသည်။ သားဖြစ်သူ စာကျက်တာထက် စာဖတ်တာ၊ စာကြည့်တိုက်မှ စာအုပ်များငှားလာပြီး မှတ်စုများထုတ်၍ ကျောင်းမှပေးလိုက်သော သုတေသနသဖွယ် အိမ်စာကို လုပ်တာ ပိုင်းကူကြပါသည်။

ဥပမာ - တစ်ခါတွင် သားဖြစ်သူက ကျောင်းမှ အိမ်စာ ပေးလိုက်ကြောင်း၊ မိမိနှစ်သက်ရာ ကမ္ဘာ့နိုင်ငံတစ်ခုကို ရွေးချယ်၍ အဆိုပါနိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် အစားအသောက်များအကြောင်း လေ့လာပြီး အတန်းထဲတွင် ရှင်းလင်းပြောကြားရန် ဖြစ်ကြောင်း၊ ပိုစတာတစ်ခုပေါ်တွင် ဓါတ်ပုံများကပ်၍လည်းကောင်း၊ ပုံများဆွဲ၍လည်းကောင်း၊ စာများရေး၍လည်းကောင်း ရှင်းလင်းပြောပြရန် ဖြစ်ပြီး စာရွက်ဖြင့်လည်း မိမိလေ့လာခဲ့သမျှကို ရေးသားပြီး အိမ်စာအဖြစ် ထပ်ရန်ဖြစ်ကြောင်း ပြောပါသည်။ ကျွန်တော်နှင့်ဇနီးကို သူစုဆောင်းဖတ်ရှုထားသော စာအုပ်များကို ပြပါသည်။ အင်တာနက်မှ ရှာဖွေထားသည်များလည်း ပါပါသည်။ သူ့ပိုစတာကိုပြပြီး လိုတာဖြည့်ပေးရန် ပြောပါသည်။ ကျွန်တော်တို့က ချီးမွမ်းပြီး အနည်းငယ်ဖြည့်စွက် ရှာဖွေပေါင်းစပ်ပေးပါသည်။ ထို့နောက် သူ၏ သုတေသနစာတမ်းငယ်ကိုလည်း ဖတ်ရှုကြပြီး မှတ်ချက်ပြုကြပါသည်။ သူ၏ လေ့လာမှုနှင့် သူ၏ ရှင်းလင်းတင်ပြမှုတို့တွင် သူ၏အားထုတ်မှုမှာ အများဆုံးဖြစ်ပါသည်။ ကျွန်တော်တို့ မိဘများမှာ ဘေးကကြည့်ပြီး အားပေး၊ အနည်းငယ်ဖြည့်စွက် ပေါင်းစပ်ပေးရုံမျှသာဖြစ်ပါသည်။ တကယ်ပင် ကျောင်းသားအခြေပြု သင်ယူလေ့လာမှုတစ်ခုဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် ထိုနည်းလမ်းသည် အလွတ်ကျက်ခြင်းထက်ပို၍ ကလေး၏ ကိုယ့်အားကိုယ်ကိုးစိတ်၊ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်း၊ ဉာဏ်ရည်ကွန့်မြူးမှုတို့ကို အားပေးသည်ဟု မြင်ပါသည်။

မြန်မာပြည်ပြန်ရောက်၍ သားဖြစ်သူ ကျက်စာဘာသာရပ်များကျပြီး ဆရာမကခေါ်ဆူ၍ သားကိုစာကျက်ခိုင်းရန် ပြောသည့်အပြင် အဖေအမေတို့ပါ ဝိုင်းကူ၍ စာကျက်ရန် ပြောသည့်အခါ ကျွန်တော်တို့ စံနစ်နှစ်ခုကွာဟချက်ကို နားလည်သဘောပေါက်ခဲ့ရပါသည်။ ချက်ချင်းပြင်၍ရမည့်ကိစ္စ မဟုတ်သဖြင့် ဆရာမနှင့် မငြင်းခုန်ခဲ့ပါ။ ကျွန်တော်တို့မိဘများ သားနှင့်ဆွေးနွေး၍ အဖြေရှာပါမည့် အကြောင်းသာ ပြန်ပြောခဲ့ပါသည်။

သားကို မြန်မာပြည်မှ ဆယ်တန်းအောင်ဖို့ အတော်ကြိုးစားခဲ့ကြရပါသည်။ သားဖြစ်သူ၏ ကိုယ့်အားကိုယ်ကိုး ရှာဖွေ၊ စူးစမ်းလေ့လာမှုအကျင့်ကို မပျောက်စေရန် တစ်ဖက်မှ အားပေး၍ ဖတ်စာအုပ်များထဲမှ အလွတ်ကျက်မှတ်ရမည့် စာများကို အလွတ်ကျက်မှတ်စေပြီး နားလည်ရမည့် အချက်များကို အခြား ကိုးကားစာအုပ်များနှင့် အင်တာနက်တို့မှ ရှာဖွေဖတ်ရှု လေ့လာစေခြင်းဖြင့် သားအမိ၊ သားအဖ သုံးယောက်လုံး ကြိုးစားခဲ့ကြသဖြင့် ယခုတော့ သားဖြစ်သူ ဆယ်တန်းအောင်ခဲ့ပါပြီ။

<u>ဓလေ့ထုံးစံကွာခြားမှုနမူနာ</u>

ကျွန်တော်တို့ ဝါရှင်တန်ဒီစီသို့ ပြောင်းနေကြသည့်အခါ အမေရိကန် မိသားစုတစ်စု၏အိမ်တွင် အတူနေဖြစ်ခဲ့ကြပါသည်။ အဆိုပါအမေရိကန်လင်မယားတွင် သားငယ်၊ သမီးငယ် သုံးယောက်ရှိပါသည်။ တစ်နေ့နံနက်တွင် ကျွန်တော်တို့ စုံတွဲနှင့် ထိုအမေရိကန်လင်မယားစုံတွဲ ဧည့်ခန်းတွင် အတူနေထိုင်ကြစဉ် သူတို့၏ တစ်နှစ်ခွဲအရွယ် သမီးငယ်လေး "တာလူးလာ" (Talula) သည် နံနက်စာစားသည့် စားပွဲခုံမြင့်ဘေးမှ ထိုင်ခုံမြင့်ပေါ်သို့ ကြိုးစားပြီး တက်နေပါသည်။ ကျွန်တော်နှင့် ကျွန်တော့်ဇနီးတို့က ကလေး ခြေချော် လက်ချော် ပြုတ်ကျမည်စိုးသဖြင့် သွား၍ ကူရန် ပြင်သည့်အခါ သူမ၏ ဖခင်၊ မိခင်နှစ်ဦးစလုံးက သူတို့လည်း မြင်ကြောင်း၊ အသာလေး လွှတ်ထား၍ မသိမသာ ကြည့်နေရန်သာ မျက်ရိပ်မျက်ခြေပြသဖြင့် ကျွန်တော်တို့နှစ်ဦး အသာငြိမ်၍ နေခဲ့ကြပါသည်။

"တာလူးလာ"လေး ထိုင်ခုံ၏ အောက်ခြေတစ်ဆင့်ကို တက်မိပြီး နောက်တစ်ဆင့်ကို လှမ်းစဉ် ခြေချော်ပြီး ပြုတ်ကျပါသည်။ အမြင့်ကြီး မဟုတ်သဖြင့် ကြီးကြီးကျယ်ကျယ် ဒါဏ်ရာမဖြစ်ပါ။ မဆိုစလောက်တော့ နာသွားသဖြင့် အဲ့ကနဲ တစ်ချက်တော့ ငိုပါသည်။ ထိုအခါ အဖေဖြစ်သူက သွား၍ ထူပါသည်။ သူ့သမီးကို ဖက်၍ နှစ်သိမ့်ရင်း သမီးက ကြိုးစားတာ တော်ကြောင်း အားပေးပါသည်။ ထို့နောက် ကြမ်းပြင်ပေါ်သို့ ပြန်ချထားလိုက်ပါသည်။ ခုံပေါ်သို့ တင်မပေးလိုက်ပါ။ အမေဖြစ်သူကလည်း ထသွားပြီး နွားနို့၊ ပေါင်မုန့်နှင့် စားစရာများကို စားပွဲပေါ်သို့ တင်ထားလိုက်ပြီး သမီးအပေါ်ရောက်ရင် စားရန်ပြောပါသည်။ သူလည်း သမီးငယ်ကို ပွေ့ချီ၍ ခုံပေါ်သို့ တင်မပေးခဲ့ပါ။ ပြီးတော့ အမေ၊ အဖေ နှစ်ယောက်လုံး ဧည့်ခန်းထိုင်ခုံတွင် ပြန်လာပြီး သူတို့ ဖတ်မြဲသတင်းစာဖတ်လျက်၊ လုပ်ဆဲအလုပ်ဆက်လုပ်လျက် မသိမသာ ကြည့်နေကြပါသည်။

"တာလူးလာ" လေးပြန်ထလာပြီး ခေတ္တခဏ မတ်တပ်ကလေးရပ်၍ ခုံကိုကြည့်ပြီး စဉ်းစားနေသည့်ပုံကို ကျွန်တော် မှတ်မိနေပါသေးသည်။ ခဏနေတော့ သူမ ပြန်တက်ပြန်ပါသည်။ ဒီတစ်ခါတော့မကျတော့ပါ။ တစ်ဆင့်ပြီးတစ်ဆင့် ခြေမြဲမြဲ လက်မြဲမြဲဖြင့် တက်သွားပြီး နောက်ဆုံးတော့ ထိုင်ခုံပေါ်ရောက်ပြီး ဂုဏ်ယူစွာဖြင့် ထိုင်၍ သူ့အမေ တည်ခင်းထားသော နံနက်စာကို ပျော်ရွှင်စွာ စားပါတော့သည်။

ကလေးငယ်အများစုမှာ ဤသို့ဤပုံဖြင့် ကြီးပြင်းလာကြပြီး ကိုယ့်အားကိုယ်ကိုးရန်၊ စဉ်းစားရန် ကျင့်သားရခဲ့ကြသလို ကိုယ့်ကိုယ်ကို ယုံကြည်မှု (Self-Confidence) လည်း မြင့်မားလာ

<u>ကြီးပြင်းမှုပုံစံကွာခြားချက်</u>

သူတို့ဆီမှ ကလေးငယ်အများစုမှာ ဤသို့ဤပုံဖြင့် ကြီးပြင်းလာကြပြီး ကိုယ့်အားကိုယ်ကိုးရန်၊ စဉ်းစားရန် ကျင့်သားရခဲ့ကြသလို ကိုယ့်ကိုယ်ကို ယုံကြည်မှု (Self-Confidence) လည်း မြင့်မားလာခဲ့ကြပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှ ကလေးငယ်၊ လူငယ်အများစုမှာ လူကြီးများ၏လောင်းရိပ်အောက်တွင် မိနေခဲ့ကြသူများ များပါသည်။

မိဘခွဲ့ကျွေးတာစား၊ ဆရာ၊ ဆရာမများ ရေးသားပို့ချတာ ကူးမှတ်၊ ကျက်ပြီး စာမေးပွဲတွင် ကျက်ထားသည့်အတိုင်း ဖြေ၊ ဆယ်တန်း (အောင်၍ တက္ကသိုလ်၊ ကောလိပ် တက်ကြသူများ လည်း ဆရာ၊ မိဘများ လောင်းရိပ်အောက်မှ မလွတ်နိုင်ကြဘဲ ကြီးပြင်းလာကြသူများ များပါသည်။



## လုပ်ငန်းခွင်

အဆိုပါလူငယ်များ လုပ်ငန်းခွင်ဝင်ကြသည့် အခါတွင်လည်း အထက်လူကြီးနှင့် အလုပ်ရှင်တို့မှ ခိုင်းတာလုပ်၊ ပြောတာနားထောင်ကြရပြီး ပြန်လှန်ဆွေးနွေး၊ အကြံပြု၊ တင်ပြခွင့်ပြုသော လုပ်ငန်းခွင်များ ရှားပါးပြန်ပါသည်။ အစိုးရဌာနများတွင်သာမက မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍများတွင်ပါ ဝန်ထမ်းများ၏ ကိုယ်စွမ်း၊ ကိုယ်စ၊ ဉာဏ်စွမ်း၊ ဉာဏ်စကို စွဲထုတ်သုံးစွဲသည့် ဌာန ၊ အဖွဲ့ အစည်း၊ ကုမ္ပဏီများ ရှားပါးလှပါသည်။

ဤသို့ ကြီးပြင်းလာခဲ့သော ကလေးများ၊ လူငယ်များသည် မိမိတို့၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းကို ထုတ်သုံးရန် အကျင့် မရှိခဲ့ကြသဖြင့် ခိုင်းတာသာလုပ်တတ်ပြီး၊ စဉ်းစား၊ တွေးခေါ်သော အကျင့် ပျောက်ဆုံးခဲ့ကြပါသည်။

## ပညာရေးကောလိပ်များ၏ အခန်းကဏ္ဍ

ထိုနည်းတူ ပညာရေးကဏ္ဍ၏အရွေ့ကို လိုချင်ပါလျှင် ဆရာ/ ဆရာမများမှ စ၍ ရွေ့ကြရပါမည်။ ဆရာ/ဆရာမများ ကိုယ်တိုင်က "တပည့်အခြေပြု သင်ယူ လေ့လာမှုပုံစံ" ကို ကိုယ်တိုင်ပါဝင် ဆောင်ရွက်၊ လေ့လာခဲ့ကြမှသာ ထိုပုံစံအသစ်ကို စာသင်ခန်းများထဲသို့ ယူဆောင်နိုင်ကြမည်ဖြစ်ပါသည်။

**ဆရာ/ ဆရာမများမှ စ၍ ရွေ့ကြရပါမည်။ ဆရာ/ဆရာမများ ကိုယ်တိုင်က "တပည့်အခြေပြုသင်ယူလေ့လာမှုပုံစံ" ကို ကိုယ်တိုင်ပါဝင်ဆောင်ရွက်၊ လေ့လာခဲ့ကြမှသာ ထိုပုံစံအသစ်ကို စာသင်ခန်းများထဲသို့ ယူဆောင် နိုင်ကြမည်ဖြစ်ပါသည်။**

ဆရာ၊ ဆရာမများ မွေးထုတ်ပေးသော ဆရာအတတ်သင်ကျောင်းများ၊ ပညာရေးကောလိပ်များတွင် "ဆရာ၊ ဆရာမလောင်းလျာ" များအနေဖြင့် ကိုယ်တိုင်စဉ်းစား၊ ကြံဆအားအားထုတ်ပြီး ပါဝင်ဆောင်ရွက်ရသည့် "တပည့်အခြေပြုသင်ယူလေ့လာမှုပုံစံ" များကို ကိုယ်တွေ့ ပါဝင်ဆင်နွဲပြီး သင်ယူလေ့လာခွင့်ရဖို့လိုပါသည်။ သို့မှသာ ထိုပုံစံသစ်ကို စာသင်ခန်းများ၊ ကျောင်းများဆီသို့ သယ်ဆောင်သွားနိုင်ကြပါလိမ့်မည်။

## ကျောင်းစာပြင်ပလှုပ်ရှားမှုများ

အားကစား၊ ဂီတ၊ အနုပညာ၊ ပြင်ပဗဟုသုတ လေ့လာရေးခရီး စသော ကျောင်းစာပြင်ပ လှုပ်ရှားမှုများကိုလည်း ပညာရေးစနစ်အတွင်းတွင် အံ့ဝင်ခွင်ကျဖြစ်အောင် ထည့်သွင်းပေးကြရပါမည်။ သို့သော် ဒေသ တစ်ခုနှင့်တစ်ခု ၊ ကျောင်းတစ်ကျောင်းနှင့် တစ်ကျောင်း ထပ်တူညီသော ပုံစံခွက်မဖြစ်ရပါ။ သူ့ကျောင်း၊ သူ့ဒေသနှင့် လျော်ညီသော ကျောင်းစာပြင်ပ လှုပ်ရှားမှု ပုံစံ အမျိုးမျိုး ဖြစ်နိုင်ပါသည်။ သက်ဆိုင်ရာဆရာ၊ ဆရာမများ၏ ကြိုးစား အားထုတ်မှုအလျောက်၊ ဒေသ၏ ထူးခြားမှုများအလျောက် ကွဲပြားခြားနားနိုင်ပါသည်။

**အားကစား၊ ဂီတ၊ အနုပညာ၊ ပြင်ပဗဟုသုတ လေ့လာရေးခရီး စသော ကျောင်းစာပြင်ပ လှုပ်ရှားမှုများကိုလည်း ပညာရေးစနစ် အတွင်းတွင် အံ့ဝင်ခွင်ကျဖြစ်အောင် ထည့်သွင်းပေးကြရပါမည်။**

## ပညာရေးစံနစ်သစ်

ပညာရေးစံနစ်သစ်သည် တစ်နိုင်ငံလုံး တစ်ပုံစံတည်းဖြစ်သော ပုံစံခွက်စံနစ်ဟောင်းမှ ဆရာ၊ ဆရာမများ၏ ဉာဏ်ရည်၊ဉာဏ်သွေးများ အလျောက် မတူကွဲပြားခြားနားသော စာသင်ခန်းများ၊ ကျောင်းများ၊ သင်ယူ၊ သင်ကြားမှုပုံစံအသစ်များ မြင်ရနိုင်ပါသည်။ ပညာရေးစနစ်တွင် မိဘများနှင့် ကျောင်းသားများ၏ အကြံဉာဏ်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့သည်လည်း အရေးကြီး အရေးပါလှပါသည်။ အစိုးရ ယန္တရားရွေ့လျားမှု ပုံစံအသစ်ကို မြင်ရသည့်နည်းတူ ပညာရေးကဏ္ဍ၏ အရွေ့နှင့်စနစ်သစ်၊ ပုံစံသစ်များ တွေ့မြင်ရရန် မျှော်လင့်ပါသည်။ မြန်မာ့ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် တန်ဖိုးများမှ ကောင်းရာမွန်ရာတို့ကို ထိန်းသိမ်းရင်း အခြားဖွံ့ဖြိုးတိုးတက်သော နိုင်ငံများ၏ ပညာရေးစံနစ်တို့မှ လေ့လာသင်ယူစရာများကို လေ့လာသင်ယူ၍ ပေါင်းစပ်ဖြည့်စွက်ခြင်းအားဖြင့် မြန်မာ့ပညာရေးပုံစံသစ်ကို ဖော်ဆောင်ကြရပါမည်။ မြန်မာပြည်သစ်ကို တည်ဆောက်ကြရပါမည်။ နိုင်ငံနှင့် လူမျိုးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားရန်နှင့် ရေရှည် တည်တံ့ခိုင်မြဲရန်အတွက် အခြေခံမှာ "ပညာရေး" ဖြစ်သည့်အလျောက် "ပညာရေးစံနစ်၊ ပညာရေးအခြေခံစံနှုန်းများ နှင့် ပညာရေးတန်ဖိုးများ" စဉ်ဆက်မပြတ် တိုးတက်ပြီး ပြောင်းလဲဖို့ အားလုံးကြိုးစားကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်သည်။

ဇော်နိုင်

DENFORD

# Router 2600/2600 PRO

3 AXIS CNC ROUTER




A 3 axis CNC Router with totally enclosed interlocking guard, suitable for all levels of education and training. With its large capacity the Router 2600 is ideal for cutting a range of resistant materials such as hard and soft wood, plastic, modelling foam, acrylic and prototyping material.
In addition, the Router 2600 Pro can cut non-ferrous metals.

CE APPROVED

Ideal for use in conjunction with F1 IN SCHOOLS

# INTELCAN

Celebrating 40 Years Of Providing Solutions That Take Flight








## INTELCAN'S N8000 SERIES

Instrument Landing System (ILS) exceeds the highest standards for precise radio guidance in the aircraft's final approach and landing. Whether for Category I, II, or III, the N8000 guarantees signal integrity and comes in single or dual frequency configuration.




SKYNAV Distance Measuring Equipment (DME) is a state-of-the-art system which features a single cabinet with dual transmitter, dual monitor and dual power supply. It can be in operation on its own or collocated with other Navaids such as ILS, MLS, CVOR and DVOR. The SKYNAV DME provides enhanced performance with outstanding efficiency, cost effective solution as well as simplified maintenance and lower life cycle costs. The equipment meets or exceeds all requirements of ICAO Annex 10.

ဆက်သွယ်ရန် - Mandalay Technology, ဦးသူရ (Tel: 09 5140000) {thura@mandalay-technology.com}

# The Best Innovative Mobile Marketing Solution.

DIGITAL INTEGRATED MARKETING, DIM, is part of a group of companies originating in Bangkok Thailand. DIM is a mobilemarketing solutions provider. Over 18 years, DIM's parent company Mobile Connect Thailand, has provided complete mobile marketing solutions including SMS Marketing, and digital marketing. to well over 1,000 leading local and international companies. Our experienced software engineering team develops value added solutions for our clients and provides highly efficient tools to create good relationships, customer loyalty, and long-term value to organizations.

Digital INTEGRATED MARKETING

## VALUED CUSTOMER

Over **1,000**
Leading Organizations

## CLIENT BY INDUSTRY

* Banking and Finance
* Department Store
* Automobile
* Beauty & Health Care
* Petrochemical
* Insurance & Assurance
* IT Business
* Hospitals

Thailand Client

Myanmar Client

## SMS BROADCASTING / BULK SMS

SMS is highly effective for reaching out to customers. SMS messages are likely to be opened within just five minutes of being received which makes SMS great for promotions, customer services, appointment reminders, etc. With our solutions, SmartComm, which developed for corporate use, you can communicate directly to your clients with thousands of individuals in a matter of minutes. Digital Integrated Marketing (DIM) solutions are the perfect tools for marketing, CRM, service and business operation to make communicating with your clients effortless, effective and efficient. Our solutions provide easy to use applications which can integrate with your existing customer database making it a seamless operation to bridge the gap between are tried and tested software and your customer database profiles. We developed a variety of applications for specific business segments such as banking & finance, hospital, consumer product, education, etc. making it easy and simple for us to work with your company regardless of the type of business you operate. "Let SmartComm Drive Your Marketing Forward! "

## DIGITAL MARKETING

Digital marketing is a form of internet marketing conducted through the many social outlets and opportunities present on the internet, including social networks, communities, blogs, forums and other emerging forms of online media. We provide consulting services to create powerful campaigns via Facebook marketing, Google search marking, YouTube, etc. We will help you stand out, increasing brand awareness, and even drive conversions. It is not a coincidence that many international companies are gravitating towards Facebook marketing and other social media marketing because it is now the standard of how the target audience responds, reacts and prefers to be reached. In today's market, it's the perfect portal to build awareness of your products and services.

* Facebook
* Google
* And more...


Contact.....

Ms. Orapin Limthananurux (orapin@digitalintegratedmm.com),
Moe Zaw Wynn (moezawwynn@digitalintegratedmm.com),
Daw Lei Lei Htun (leilei@digitalintegratedmm.com)


DATABASE ▶ SMS ▶ AUDIEINCE

CAMPAIGN ▶ FACEBOOK GDN YOUTUBE




Myanmar Office : Room 504, Building 11, MICT Park, Hlaing Township, Yangon. Tel : + 951 652285 - 86
info@mandalay-technology.com
www.mandalay-technology.com
Singapore Office : 987 B Jurong West Street, 93#14-771 Singapore (642987), Tel : + (65) - 92399494

PEOPLE INNOVATION SUSTAINABILITY